ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လကွယ်၊ စနေနေ့၊ (30-8-2008) (၅၇၈၆)

ဒါနဉ္စ တော် မင်္ဂလ မုတ္တမံ

အလှူပေးရခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတောင်းမြို့ ဒေသဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတောင်းမြို့ နန့်တိန်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံပြီး ကျိုင်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ Science Laboratory Room, Libary Room,Computer Room, Language Lab, Learning Center နှင့် စာသင်ခန်းများအတွင်း စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျိုင်းတောင်းမြို့ရှိ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားစရာများနှင့် ထောက်ပံ့ငွေများပေးအပ်၍ ခွဲစိတ်ခန်း၊ ဆေးစတိုခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းနှင့် သွားနှင့်ခံတွင်းရောဂါ ကုသဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင်ရှိ နည်းပညာတက္ကသိုလ်(ပင်လုံ) အစည်းအဝေးခန်းမ၌ လွိုင်လင်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအားတွေ့ဆုံပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က လွိုင်လင်မြို့နယ်အတွက် စာရေးကိရိယာ၊ သုတရသ စာပေများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ တောင်ကြီးမြို့သို့ ရောက်ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ထားသော Public Internet Assess Center ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ အသင်းဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ Science Laboratory Room, Libary Room,Computer Room, Language Lab, Learning Center နှင့် စာသင်ခန်းများအတွင်း စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror အင်တာနက်သတင်း

တရုတ်နိုင်ငံ၏ အမြင့်ဆုံးမိုးမျှော်တိုက်ကြီး ရှန်ဟိုင်း၌ ဖွင့်လှစ်

ရှန်ဟိုင်း ဩဂုတ် ၂၉

တရုတ်နိုင်ငံတွင် အကြီးဆုံး၊ ကမ္ဘာပေါ်တွင် ဒူဘိုင်းမှ ဘာဂျေနှင့် တရုတ်(တိုင်ပေ)မှ ၁၀၁ တို့နောက် တတိယအကြီးဆုံး မိုးမျှော် ရှန်ဟိုင်း ကမ္ဘာ့ဘဏ္ဍာရေးဗဟိုဌာန အဆောက်အအုံကို ကြာသပတေးနေ့က တရားဝင် ဖွင့်လှစ်လိုက်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

ယခင်က တရုတ်နိုင်ငံတွင်အမြင့်ဆုံးဖြစ်ခဲ့သော ၄၂၀မီတာမြင့်သည့် ဂျင်မာအိုတာဝါနှင့် အသစ်ဖွင့်လှစ်လိုက်သော ၄၉၂ မီတာ မြင့်သည့် ရှန်ဟိုင်းကမ္ဘာ့ဘဏ္ဍာရေး ဗဟိုဌာန အဆောက်အအုံကို ဩဂုတ်၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်)

ကြေးမုံ The Mirror ယနေ့ ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံတွင် နယ်ချဲ့သမားနှင့် အပေးအယူ၊ လက်ဝါးရိုက်ကာ ၎င်းတို့အာဏာရဖို့ အဓိက၊ နယ်ချဲ့တို့ကြိုက်သလိုသာလုပ်ကြ၊ မြန်မာပြည်သူများ နာချင်သလောက် နာပစေဆိုသော အုပ်စုမျိုးလည်းရှိသည်။ ထိုအဖွဲ့ကို ပြည်ပနယ်ချဲ့များက ဗန်းတင်ပေးလေ့ရှိသော စကားလုံးမှာ "ပြည်သူလိုလားထောက်ခံသော ပါတီ၊ ခေါင်းဆောင်" ဟူ၍ ဖြစ်သည်။

ဓာတ်ဆရာ မောင်ကျောက်ဒိုး၏ **"ရုပ်သေးဆရာ ဦးဖိုးခြုံ၏ ရသေ့ရှစ်သောင်းဇာတ်ထုပ်"**

(ဆောင်းပါး) စာမျက်နှာ- ၆၊ ၇

ကြေးမုံ The Mirror

၃၀-၈-၂၀၀၈
(စနေနေ့)

အရည်အသွေးမြင့် စက်ပစ္စည်းများ တိုးတက်ထုတ်လုပ်

မြန်မာနိုင်ငံတစ်ဝန်းတွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို တည်ထောင်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများက စက်ကိရိယာများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသည်။ အဆင့်မြင့် စက်အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည်။

ပဲခူးတိုင်း ရေတာရှည်မြို့နယ်၌ အမှတ်(၂)စက်မှုဝန်ကြီးဌာနက သာဂရစက်မှုနယ်မြေစီမံကိန်းကို အကောင်အထည်ဖော်နေသည်။ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ မြေထိုးမြေတူး ယန္တရားထုတ်လုပ်မှု စက်ရုံစီမံကိန်းတို့ကို လုပ်ကိုင်လျက်ရှိရာ စက်တပ်ဆင်ပြီးစီးနေသည့် စက်ရုံများ စမ်းသပ်လည်ပတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

အဆိုပါ စက်မှုနယ်မြေစီမံကိန်းမှ ဒီဇယ်အင်ဂျင်များ ထုတ်လုပ်မည်ဖြစ်ရာ အကြီးစားကုန်တင်ယာဉ်များ၊ ဘတ်စ်ကားကြီးများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ လေဖိစက်၊ ကျောက်ခွဲစက်နှင့်တွင်းတူး စက်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အတူ မြေထိုးစက်နှင့် မြေတူးစက်များအပြင် ဂျင်နရေတာများ ထုတ်လုပ်ပေးမည်ဖြစ်ရာ အခြားသော တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

အလားတူ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၌လည်း တီအီးမော်တော်ယာဉ်များ၊ ဘိုးနှင့် နပ်များ၊ မော်တော်ယာဉ်သုံး ဂီယာများ၊ မော်တော်ယာဉ်သုံး လေးများကို ထုတ်လုပ်လျက်ရှိသည်။

ယခုကဲ့သို့ တည်ဆောက်ထုတ်လုပ်နေသည့် စက်မှုလုပ်ငန်းများသည် စက်မှုနိုင်ငံထူထောင်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးကိုသာမက ပြည်သူများ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက်ပါ အရေးပါသည်ကို တွေ့ရသည်။ စက်ရုံ၊ အလုပ်ရုံအလိုက် စက်ပစ္စည်းများ အရည်အသွေးမီ၊ သုံးစွဲသူများ အကြိုက်၊ ဈေးကွက်အကြိုက် ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများမှ တာဝန်ရှိသူအသီးသီးတို့က ခေတ်မီစက်ကိရိယာနှင့် စက်ပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ကို အရည်အသွေးမြင့် အဆင့်အတန်းမီ တိုးတက်ထုတ်လုပ်ကြခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ။

ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံ၌ ၁၉၇၀၊ ၁၉၇၁၊ ၁၉၇၂နှင့် ၁၉၇၃ခုနှစ်တို့တွင် ပထမနှစ်(ဆေး)၌ ပညာသင်ကြားခဲ့ကြသောကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ရန်ကုန်မြို့ဆရာဝန်အသင်းတိုက်၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပူဇော်ကန်တော့ငွေများကို ၁၉၇၀ ပြည့်နှစ်အတွက် ဒေါက်တာညဏ်ထွန်း ဖုန်း-၀၉ ၅၀၀၂၀၉၆၊ ဒေါက်တာဇော်လင်း ဖုန်း-၀၁ ၇၂၂၀၅၈ နှင့် ဒေါက်တာကြည်ကြည်အေး ဖုန်း-၀၁ ၃၈၀၇၃၉၊ ၁၉၇၁ ခုနှစ်အတွက် ဒေါက်တာခင်မောင်လှိုင် ဖုန်း-၀၁ ၅၀၀၇၉၇၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉ ၅၀၀၅၃၃၇ နှင့် ဒေါက်တာယုယု ဖုန်း-၀၉၅၁၂၆၅၃၂၊ ၁၉၇၂ ခုနှစ်အတွက် ဒေါက်တာထင်လှ-ဒေါက်တာဥမ္မာကျော် ဖုန်း-၀၉ ၅၁၇၂၄၂၉၊ ၀၁ ၆၆၆၄၆၉၊ ဒေါက်တာစောအောင်ငွေ ဖုန်း-၀၉ ၅၁၀၈၃၁၄နှင့် ဒေါက်တာခင်သန်းနွယ် ဖုန်း-၀၁-၅၇၉၉၇၆၊ ၁၉၇၃ ခုနှစ်အတွက် ဒေါက်တာဝေမြင့် ဖုန်း- ၀၉ ၅၀၁၁၂၉၅၊ ဒေါက်တာမြသိန်း ဖုန်း-၀၉ ၅၀၂၆၀၆၂၊ ဒေါက်တာမိမိထွန်း ဖုန်း-၀၁ ၇၀၅၄၇၆ နှင့် ဒေါက်တာမကျင်ဆန်းဖုန်း-၀၁ ၅၆၁၇၄၁ တို့ကို ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်သောင်း စက်ရုံစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင် ကျောက်ဆည်မြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး ကျောက်ဆည် စက်မှုနယ်မြေရှိ စက်ရုံမှူးများအား တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဝင်းသူဇာ အရောင်းဆိုင်(ကျောက်ဆည်) ကို ကြည့်ရှုစစ်ဆေးပြီး အရောင်းဆိုင်၌ ရောင်းကုန်ပစ္စည်း ပြတ်လပ်မှု မရှိစေရန်နှင့် အမယ်စုံတင်ပို့ ရောင်းချရန် မှာကြားသည်။

ဝန်ကြီးသည်မြန်မာ့အထည်အလိပ် လုပ်ငန်းမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် မြစ်သား ချည်မျှင်စက်ရုံစီမံကိန်း၌ ပင်မစက်ရုံ အဆောက်အအုံနှင့် ဆက်စပ်မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ပင်မစက်ရုံအတွင်း မျက်နှာကြက်များ တပ်ဆင်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ်၌ မြန်မာ့အထည်အလိပ်လုပ်ငန်းမှအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ပျော်ဘွယ် ချည်မျှင် စက်ရုံစီမံကိန်း၌ မြို့ပြဆိုင်ရာ အဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများတပ်ဆင်မှု၊ လျှပ်စစ်မီးနှင့်ရေရရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပင်မစက်ရုံ အဆောက်အအုံနှင့် မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ အထည်အလိပ်လုပ်ငန်း ပျော်ဘွယ် ချည်မျှင်စက်ရုံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၂၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၈)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါမဂ္ဂဇင်းတွင်မင်းယုဝေ၊ ပျဉ်းမနား မြင့်လှိုင်၊ဒေါင်းနွယ်စိုး၊ အောင်မိုးနိုင်(သာစည်)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ပုဂံမွေးကြည်၊ အောင်သာစန်း(သံတွဲ)၊ ကနောင်မောင်မောင်တို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ ကေတုနီလာ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာလှမောင် (စီးပွားရေး)၊ ကြည်ကြည်စိန်၊ အောင်ဘုန်းညို(ရွှေဘို)၊ သန်းထွန်း(စကု)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ တက္ကသိုလ်နိုင်အောင်လင်း၊ နီငြိမ်း(အညာတက္ကသိုလ်)တို့၏ သုတဆောင်းပါးကဏ္ဍ၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ တက္ကသိုလ်သန်တို့၏ လူငယ်ကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊လေးဝတီကျော်၏နိုင်ငံတကာသုတရေးရာကဏ္ဍ၊ အောင်စိုး (တိ/ကု) အမျိုးသားစာပေဆုရ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မြမဥ္ဇူဝေ(ကျုံမငေး)၊ ထားမြတ်မာ(မြန်မာစာ)၊ ခတ်ပုံမောင်မောင်၊ အောင်ရန်နိုင် (B.Sc)ဗိုလ်လောင်းလွင်ဘိုဘိုအောင်၊ ပန်းမြတ်ငယ်တို့၏ ရသဝတ္ထုတိုကဏ္ဍ၊ မောင်သိန်းဟန်၏ မြန်မာ့ဂန္ထဝင် ဝတ္ထုတိုကဏ္ဍ၊ မောင်အေးကို (ယမုံနာ)၏ ဗုဒ္ဓဝင်ကြေးမုံ ဝတ္ထုတိုကဏ္ဍ၊မောင်မောင်မိုးအောင်၏ ဝတ္ထုရှည်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ (B.A, B.L)၊တက္ကသိုလ်လှကြွယ်၏အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မိဒီယာ၊ ကိုရွှေတောသားတို့၏ ဟာသကဏ္ဍ၊ မောင်မောင်ညွှက်၊ ငွေကြည်၊ သစ်ထွဏ်း၊ ကျော်ကျော်လွင်၊ မောင်မောင်စန်းလွင်တို့၏ ကာတွန်းကဏ္ဍတို့ စုံလင်စွာ ဖော်ပြပါရှိသည်။

စာမူများပေးပို့လိုပါက စာတည်းမှူးချုပ်မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ် (၄၅၅/၄၅၇)တက္ကသိုလ်ရိပ်သာလမ်း သစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ပေးပို့နိုင်သည်။(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အဝတ်အစားနှင့် အစားအစာများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

လေဘေးသင့် ပြည်သူများအတွက် အလှူရှင် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံးမှ ဦးစောမုတ်သုန်နှင့်ဇနီး သုဓမ္မသိင်္ဂီ နော်ဖောဖော မိသားစုက ငွေကျပ် ၃၄၈ သိန်းတန်ဖိုးရှိ အဝတ်အထည်မျိုးစုံကို လည်းကောင်း၊ **(အပေါ်ပုံ)** Mr.Oliver E Soe Thet (ဥက္ကဋ္ဌ Myanmar Chefs Association LOG)နှင့် အဖွဲ့ကအမေရိကန်ဒေါ်လာ လေးသိန်းငါးသောင်းတန်ဖိုးရှိ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း ဩဂုတ်၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ် စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့လာရောက်၍ ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲနှင့် မိုးစပါးစုပေါင်းရိတ်သိမ်းပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ ရက်နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ခြစ်စည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ ရောက်ရှိပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များထံ ခြစ်စည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်း၊ ပျိုးပင်နှင့် အရိပ်ရသစ်ပင် ပျိုးပင်ပေါက်များကို ပေးအပ်ဝေငှသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မှော်ဘီမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းကတိုးပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့နောက်တိုင်းမှူးက ပျဉ်းကတိုးပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး မိုးရာသီသစ်ပင်နှင့် အရိပ်ရလေကာပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြပြီး တောင်သူ ဦးတင်ဌေ၏ အောင်မြင် ဖြစ်ထွန်းလျက်ရှိသော အထွက်တိုး ခဝဲစိုက်ခင်း နှစ်ဧကကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ရွှေပြည်သာစက်မှုဇုန် စွမ်းအား စက်မှုလက်မှုလုပ်ငန်းမှ တစ်နာရီလျှင် ကြက်ဆူစေ့သုံးတင်း ကြိတ်ခွဲနိုင်သည့် ကြက်ဆူကြိတ်စက်နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းမှ ကြက်ဆူဆီသုံး မီးဖိုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည်မှော်ဘီမြို့နယ်လှည်းငုတ်ချောင်းကျေးရွာလယ်သမားကြီး ဦးသိန်းထွန်း၏ မိုးစပါးစံပြနှစ်ဧက စိုက်ကွင်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက ရန်ကုန်တိုင်းအတွင်း မိုးစပါးနှင့် စီမံကိန်းသီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိသည့်အခြေအနေနှင့် ခေတ်မီ လယ်ယာသုံးစက်ကိရိယာများအသုံးပြု၍စက်မှုလယ်ယာစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည်စိုက်ကွင်းအတွင်း စပါးရိတ်သိမ်းနေမှု၊ ပေ့ါပါးလွယ်ကူစွာ သယ်ဆောင်သွားနိုင်ပြီး တစ်နာရီလျှင် တင်း ၁၀၀ ခန့် ခြွေလှေ့နိုင်သည့် VPT-5 ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှု၊ AMD အခြောက်ခံစက်၊ ဒေသမှ ထွက်ရှိသော ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်ထားသော အခြောက်ခံတဲတို့ဖြင့် အခြောက်ခံနေမှု၊ ထပ်မံစိုက်ပျိုးသော စပါးကိုကောက်စိုက်သမများ အတန်းလိုက် စိုက်ပျိုးနေမှုနှင့် ဒေါင်ဖန်းလက်တွန်း လယ်ထွန်စက်များဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအားလိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ခြစ်စည်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ခင်းကို လည်းကောင်း၊ စိုက်ခင်းမှ ထွက်ရှိသည့် ခြစ်စည်းရိုးကြက်ဆူစေ့များကို လည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

နံ့ရံကပ်စာစောင်၊ စာအုပ်၊ ဓာတ်ပုံပြပွဲ ဟောပြောပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် နံ့ရံကပ်စာစောင်၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို ဩဂုတ် ၂၈ရက် နံနက်၁၀နာရီတွင် အထက(၂) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က “ရည်မှန်းချက်ရှိရမည်” ခေါင်းစဉ်ဖြင့် ဟောပြောပြီးအထက(၂)ကျောင်းအုပ်ဆရာကြီး ဦးဌေးအောင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ **(ဝဲပုံ)** အခမ်းအနားသို့ အရှေ့ပိုင်းခရိုင်ဦးစီးအရာရှိဦးစိုးညွန့်၊ အထက (၂) ကျောင်းအုပ်ဆရာကြီး ဦးဌေးအောင်၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့်ဝန်ထမ်းများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၅၀ ခန့် တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ (၈/၂၀၀၈)အစည်းအဝေးကိုဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိစာပေဗိမာန်ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်အတွင်းရေးမှူးဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က ယခင်(၇/၂၀၀၈) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပြည်နယ်နှင့်တိုင်းရှိ နယ်စပ်ဒေသမြို့နယ်များသို့ သွားရောက်ပြီး ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ်အကြိုစာပေဟောပြောပွဲများ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် သဘာပတိ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ (သတင်းစဉ်)

ပြသဆဲရင်ခုန်နှင်းဆီဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်။

ကြေးမုံ ရုပ်ရှင်

“ရင်ခုန်နှင်းဆီ”အပြိုင်မရှိ ဆက်လက်ရုံတင်

ရန်ကုန် ဩဂုတ် ၂၉

ယခုသောကြာပတ်ဩဂုတ်၂၉ရက်တွင် မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံမဝင်ဘဲ ပြသဆဲမြန်မာရုပ်ရှင်ကား“ရင်ခုန်နှင်းဆီ” တစ်ကားတည်းသာ မြို့လယ်ဝဇီရာရုံနှင့်မြို့ပတ်ရုံများဖြစ်သော ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့်ဇေယျာဝတီရုံများတွင်ပြသနေသည်။ကျန်မြို့လယ်ရုံများတွင်နိုင်ငံခြားရုပ်ရှင်ကားများပြသသည်။

သမ္မတရုံတွင် လူငယ်ကြိုက်လင်းနို့လူသားဇာတ်လမ်းတွဲတစ်တွဲဖြစ်သည့် The Dark Knight ဇာတ်ကား ပြသသည်။ လင်းနို့လူသား ဇာတ်လမ်းတို့၏ မူအတိုင်းပင် မသမာသူများနှင့်လင်းနို့လူသားတို့ သည်းထိတ်ရင်ဖိုတိုက်ခိုက်ကြပုံကို တင်ဆက်ထားသည်။

မင်္ဂလာရုံတွင် တရုတ်ရှေးဟောင်းနန်းတွင်းသရုပ်ဖော်ဇာတ်ကား Curse of The Golden Flower ဇာတ်ကားပြသသည်။ နာမည်ကြီး သရုပ်ဆောင် ချောင်ယွန်ဖတ်နှင့် ဂေါင်လီတို့ တွဲဖက်ပါဝင်ထားသည်။

ရွှေ့ဆောင်ရုံတွင်လူသန်ကြီးတစ်ဦး၏ဘဝကိုဇာတ်လမ်းဆင်ရိုက်ကူးထားသည့် Iron Man ဇာတ်ကြမ်းကားပြသပြီး နေပြည်တော်ရုံတွင် လူမည်းသရုပ်ဆောင်မင်းသား ဝီလ်စမစ် ပါဝင်သည့် HANCOCK စူပါမင်းလူစွမ်းကောင်းဇာတ်ကားပြသသည်။

သွင်ရုံတွင်နာမည်ကြီးသရုပ်ဆောင်မင်းသားကြီး အမိတာဘဂျန်း ခေါင်းဆောင်ပြီးမင်းသားချော စလာမန်ခန်းနှင့်မင်းသမီးချောပရီယန်ကာချိုပရားတို့ပါဝင်သည့်GOD TUSSI GREAT HOအင်္ဂလိပ်စာတန်းထိုးအိန္ဒိယအချစ်ဟာသဇာတ်ကားပြသသည်။

မြို့မရုံတွင် သရုပ်ဆောင်မင်းသားကြီး အမိတာဘဂျန်း ခေါင်းဆောင်ပြီး တပ်မတော်သားတစ်ဦး၏ တာဝန်နှင့်မိသားစုသံယောဇဉ်အကြောင်း ပီပြင်စွာသရုပ်ဖော်ရိုက်ကူးထားသည့် KO HRAM စစ်ကားပြသသည်။ ဘုရင့်ရုံတွင် လူငယ်နှစ်ဦးသံယောဇဉ်ငြိတွယ်ခဲ့ကြသော်လည်း ငြိုးသူရန်ဘက် ဆွေမျိုးမိသားစုများကြောင့် ဒုက္ခရောက်ရပုံကို ရိုက်ကူးထားသည့် HULCHUL ဇာတ်ကားပြသသည်။

ဆုထူးပန်ရုံတွင် ABKE BARAS သည်းထိတ်ရင်ဖိုလှုပ်ရှားမှုအသားပေး ဇာတ်ကြမ်းကားပြသပြီး ဤဇာတ်ကားတွင် ဇာတ်အိမ်ခိုင်ခံ့ပြီး လှပသောရှုခင်းများနှင့် မြူးကြွသောအကများရောမွှေရိုက်ကူးထားသည့်အတွက် အိန္ဒိယရုပ်ရှင်ပရိသတ်ကြိုက်နှစ်သက်မည့်ဇာတ်ကားတစ်ကားဖြစ်သည်။

(ကြေးမုံ)

ကမ္ဘာ့မိုးလေ သတင်းအထွေထွေ

ဗီယက်နမ် မဲခေါင်မြစ်ဝှမ်းမှလူများကို ရွှေ့ပြောင်းပေးမည်

ဟန်ွိုင်း ဩဂုတ် ၂၉

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသတွင် ရေလွှမ်းမိုးမှုကြောင့် လယ်သမားထောင်ပေါင်းများစွာကို နေရာရွှေ့ပြောင်းပေးရန်နှင့် ရေတားတမံများ တည်ဆောက်ရန် အစိုးရက ယခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ပြည်တွင်းသုံးငွေ ဒေါင် ၂ ဒသမ ၄ ထရီလီယံ (အမေရိကန် ဒေါ်လာ ၁၄၅ သန်း) နီးပါးကို သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုရက်သတ္တပတ် အစောပိုင်းက အတည်ပြုခဲ့သော အဆိုပါအစီအစဉ်သည် မြေပြိုခြင်းနှင့် ရေကြီးခြင်းတို့မှ ကင်းလွတ်သောဒေသများသို့ မိသားစု ၃၃၀၀၀ ကို ရွှေ့ပြောင်းနေရာချထားပေးမည်ဖြစ်ကြောင်း (ဗုဒ္ဓဟူးနေ့) က ထုတ်ပြန်သော အစိုးရကြေညာချက်တွင် ဖော်ပြထားသည်။

မဲခေါင်မြစ်ဝှမ်း သို့မဟုတ် ဗီယက်နမ်အခေါ် ကူလောင်းမြစ်ဝှမ်းတွင် နေထိုင်ကြသော လူဦးရေ ၈၆ ဒသမ ၅ သန်း၏ ၂၀ ရာခိုင်နှုန်းခန့်သည် တစ်နိုင်ငံလုံး၏ စပါးအထွက် ထက်ဝက်ကျော်ကိုထုတ်လုပ်ပေးပြီး ဆန်ရောင်းဝယ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးသည်။

ထိုအစီအစဉ်အတွက် ရန်ပုံငွေကို နိုင်ငံတော်ရန်ပုံငွေမှလည်းကောင်း၊ နိုင်ငံတော်ပိုင် ဗီယက်နမ်ဖွံ့ဖြိုးရေးဘဏ်မှ ခွင့်ပြုငွေနှင့် အတိုးသက်သာသော ချေးငွေဖြင့်လည်းကောင်းရရှိမည်ဖြစ်သည်။ ထိုရန်ပုံငွေကို ရေတားတမံများ တည်ဆောက်ခြင်းနှင့် မဲခေါင်မြစ်ဝှမ်း ရေလွှမ်းရာဒေသ အမြင့်ဘက်၌ ကျေးရွာအသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများ၌ သုံးစွဲမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂူစတပ်မုန်တိုင်း ဒုက္ခသည်များ ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများ ယူဆောင်လာကြစဉ်။

ဂူစတပ်မုန်တိုင်း ကာရစ်ဘီယံဒေသအတွင်း ဝင်မွှေ အနည်းဆုံး ၆၈ ဦး သေဆုံး

ကင်းစတန်း ဩဂုတ် ၂၉

အပူပိုင်းမုန်တိုင်း ဂူစတပ်သည် ကြာသပတေးနေ့က ကာရစ်ဘီယံဒေသကို ဝင်ရောက်တိုက်ခတ်ရာ အနည်းဆုံး ၆၈ ဦး သေဆုံးသည်။ လာမည့် ရက်သတ္တပတ်တွင်း အားကောင်းသော ဟာရီကိန်းမုန်တိုင်း ဖြစ်လာဖွယ်ရာရှိပြီး နယူးအော်လန်ပြည်နယ်နှင့် မက္ကဆီကို ပင်လယ်ကွေ့ ရေနံမြေကို တိုက်ခတ်နိုင်ကြောင်း အမေရိကန် စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

ဂူစတပ်မုန်တိုင်းက ကာရစ်ဘီယံဒေသအတွင်းသို့ ဝင်မွှေနေစဉ်တွင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ အပူပိုင်းမုန်တိုင်း ဟန်နာသည် တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၄၀ (တစ်နာရီလျှင် ၆၅ ကီလိုမီတာ) ဖြင့် ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိသည်။ ဂူစတပ်သည် လူဝီစီယားနားနှင့်တက္ကဆက်ကမ်းလွန်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကမ်းလွန်ရေနံစင်များကိုဦးတည်နေသောကြောင့် တစ်ပတ်လုံး ရေနံဈေးတက်လျက်ရှိရာ ကြာသပတေးနေ့ စောစောပိုင်း အရောင်းအဝယ်တွင် ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁၂၀ အထက် ရောက်ရှိခဲ့သည်။

သို့သော်လည်း ဂူစတပ်သည် အဆိုပါဒေသများကို ဝင်ရောက်တိုက်ခတ်ခဲ့လျှင် အမေရိကန်အစိုးရနှင့် နိုင်ငံတကာ စွမ်းအင်အေဂျင်စီတို့က အရေးပေါ် အရန်ရေနံများကို ထုတ်ရောင်းမည်ဟု အာမခံသဖြင့် ရေနံဈေးနှုန်းသည် နှစ်ဒေါ်လာကျော်ကျော် ပြန်လည်ကျဆင်းသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရေလွှမ်းမိုး

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင်ရေလွှမ်းမှုအကြီးအကျယ်ဖြစ်လျက်ရှိရာ ရွာသားနှစ်ဦးက ၎င်းတို့၏ သားသမီးများကို ထမ်းပိုးလျက် ရေပြင်ကို ဖြတ်ကူးကာ ရေလွတ်ရာသို့ သွားနေကြသည်ကိုဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်)

ဂျပန်နိုင်ငံ၌ မိုးသည်း၍ အိမ်ရာပေါင်းများစွာရေလွှမ်း တစ်ဦးသေဆုံးပြီး မိသားစုငါးသိန်းကို ကယ်ဆယ်ခဲ့ရ

တိုကျို ဩဂုတ် ၂၉

မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် သောကြာနေ့က ဂျပန်နိုင်ငံ အလယ်ပိုင်းတွင် အိမ်ရာပေါင်းများစွာကို ရေလွှမ်းခဲ့ရာ အဘွားအိုတစ်ဦးသေဆုံးပြီး မိသားစုပေါင်း ငါးသိန်းကျော်ကို ကယ်ဆယ်ခဲ့ရကြောင်း ဒေသတွင်း သတင်းဌာနများက ဖော်ပြသည်။

ရေသည် လူ့ခါးလယ်အထိ ရောက်ရှိလာသဖြင့် အချို့သောလူများသည် မော်တော်ဘုတ်တစ်စင်းဖြင့် မိမိတို့အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်ကို ရုပ်မြင်သံကြားမှ ပြသသည်။ ၎င်းအပြင် ကားများသည်လည်း ရွှံ့ရေများတွင် နစ်မြုပ်နေသည်ကိုလည်း ပြသသည်။

တိုကျိုမြို့မှ အနောက်ဘက် ၂၃၀ ကီလိုမီတာ (မိုင် ၄၀) ဝေးသော အိုကာဇာကီတွင် ရေမြုပ်နေသည့် အိမ်တစ်အိမ်အတွင်းမှ အသက် (၇၆)နှစ်ရှိအဘွားတစ်ဦး သေဆုံးနေသည်ကို တွေ့ရကြောင်း၊ မြို့တော်တွင် မြေပြိုသောကြောင့် ရထားတစ်စင်းသည် လမ်းချော်သွားကြောင်း၊ ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အိုကာဇာကီမှ မိသားစုပေါင်း ၁၄၀၀၀၀ နှင့် နာဂိုယာမှ ၃၆၀၀၀၀ တို့အား မိမိတို့အိမ်များမှထွက်ခွာကြရန် အာဏာပိုင်များက နှိုးဆော်ထားကြောင်း အင်အိတ်ချ်ကေ ရုပ်သံဌာနမှ ကြေညာသည်။

ယခုလများအတွင်း ဂျပန်နိုင်ငံသည် ရေလွှမ်းမှုဒဏ် မကြာခဏခံနေရသည်။ အစိုးရ မိုးလေဝသဌာနက ဂျပန်နိုင်ငံ၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် သောကြာနေ့နှင့် စနေနေ့များ၌ မိုးပိုမိုရွာသွန်းမည်ဖြစ်ကြောင်း သတိပေးထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံ အိုကာဇာကီတွင် မိုးသည်း၍ ရေလွှမ်းလျက်ရှိရာ အိုင်ဂါမြစ်အနီး ပျက်စီးသွားသော အိမ်မှ ပျောက်ဆုံးနေသော အသက် (၈၀)အဘွားအိုတစ်ဦးကို ဩဂုတ် ၂၉ ရက်က မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေနေကြစဉ်။ *(အင်တာနက်)*

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းတွင် မိုးပိုလာမည်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မိုးကုတ်မြို့တွင် ၂ဒသမ၅၂လက်မ၊ မောင်တောမြို့တွင် ၂ဒသမ၂၉ လက်မ၊ ကျောက်တော်မြို့တွင် ၂ဒသမ၂၄လက်မ၊ ဖျာပုံမြို့တွင် ၁ဒသမ၈၁လက်မ၊ မြစ်ကြီးနားမြို့နှင့် ဂွမြို့တို့တွင် ၁ဒသမ၂၆လက်မစီ၊ ဇောင်းတူမြို့တွင် ၁ဒသမ ၂၂လက်မနှင့် ဘီးလင်းမြို့တွင် ၁ဒသမ ၀၆လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားပျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

ဩဂုတ် ၃၀ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်း၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) ၂၈-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ဒသမ၅ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်)	၂၉-၈-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ရာခိုင်နှုန်း	၂၉-၈-၂၀၀၈
နေပူသည့်နာရီပေါင်း ၂ဒသမ ၇နာရီခန့်	၂၈-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၂၉-၈-၂၀၀၈	Tr	မရှိပါ	မရှိပါ
၁-၁-၂၀၀၈မှ	၂၀၃၀မမ	၂၃၀၃မမ	၂၇၅၈မမ
ယနေ့အထိ	(၇၉ဒသမ၉၂လက်မ)	(၉၀ဒသမ၆၇လက်မ)	(၁၀၈ဒသမ၅၈လက်မ)

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၈-၂၀၀၈ ရက် ၉း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

ဧရာဝတီနှင့် သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၆၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (၁၀ လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်အထက် အများဆုံး ငါးစင်တီမီတာခန့် မြင့်တက်လာနိုင်ပြီး ဩဂုတ် ၃၁ ရက်မှစ၍ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပညာဒါန သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်း အဝိုင်းလေးဘောက်ထော်မှတ်တိုင်အနီးရှိ ပစ္ဆိမာရုံစာသင်တိုက်၌ နိုင်ငံခြားဘာသာစကား၊ အခြေခံစာရင်းကိုင်ပညာ၊ LCCI I, II, III, အီလက်ထရွန်နစ်ပညာ၊ ကွန်ပျူတာပညာ၊ နိုင်ငံခြားပညာသင်ဆုဝင်စာစီစာကုံးရေးနည်းနှင့် စားသောက်ကုန်ထုတ်လုပ်နည်း ပညာဒါန သင်တန်းအမှတ်စဉ် (၃၁)ကို စက်တင်ဘာ ၆ ရက် (စနေနေ့) မှစတင်၍ ဖွင့်လှစ်မည်ဖြစ်သည်။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်း Exam Special (၅လ) ပညာဒါန အပတ်စဉ် (၂)ကိုလည်း အောက်တိုဘာ ၆ရက် (တနင်္လာနေ့) မှစ၍ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းသို့ တက်ရောက်လိုသူများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၄၀၀၁၆၃ သို့ဖြစ်စေ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဩဂုတ် ၂၃ ရက်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ရေကြည်မြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စု တောင်သူ ဦးအုန်းမောင်၏ လယ်ကွင်း၌ ကျင်းပသည့် တစ်မိုးနှစ်သီး ပထမစပါး ရိတ်သိမ်းခြွေလှေ့မှုနှင့် ဒုတိယမိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများကြေညာ

နေပြည်တော် ဩဂုတ် ၂၉

၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကို **'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) အရှေ့တိုင်းပညာဌာနမှ နည်းပြ(ငြိမ်း)ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်)ကလည်းကောင်း၊ ဒုတိယဆုကို တပ်မတော်ဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန် ဗိုလ်လောင်းချမ်းငြိမ်းသူ (ချမ်းငြိမ်းသူ)ကလည်းကောင်း၊ တတိယဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)ကလည်းကောင်း ရရှိသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **'လူသားရင်းမြစ်ဖွံ့ဖြိုးရေး စာတတ်မြောက်ရေး ကြိုးပမ်းပေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ စတုတ္ထနှစ်ကျောင်းသူ မဆုစန္ဒီဝင်းက လည်းကောင်း၊ ဒုတိယဆုကို ပုသိမ်ပညာရေးကောလိပ် ပထမနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းသူ နော်အယ်ဂျွန်ဖောကလည်းကောင်း၊ တတိယဆုကို မုံရွာပညာရေးကောလိပ် ပထမနှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းသူ မထူးရွှေရည်အိမ်ကလည်းကောင်း ရရှိသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **'စာပေသည်သာ ဘဝရွှေ့ဆောင်'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တောင်တွင်းကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မနှင်းနှင်းအောင်က လည်းကောင်း၊ ဒုတိယဆုကို တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မဝုန်စန်းကျင်းကလည်းကောင်း၊ တတိယဆုကို ကျောက်ပန်းတောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်းကျောင်းသား မောင်သန်းတိုးအောင်က လည်းကောင်း ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို **'သည်းချာရင်သွေး စာတတ်ရေး ဝိုင်းဝန်းကြိုးပမ်းပေး'** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသား မောင်အောင်သီကလည်းကောင်း၊ ဒုတိယဆုကို မြိတ်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ ဆဌမတန်းကျောင်းသူ မအိချယ်ငြိမ်းကလည်းကောင်း၊ တတိယဆုကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ဆဌမတန်းကျောင်းသူ မကေခိုင်သင်းကလည်းကောင်း ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများအားလုံးသည် စက်တင်ဘာ ၅ ရက် (သောကြာနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသင်းကြီးများအတွက် ခက်ခဲနိုင်ပြီး ခြေရည်တူအသင်းများ အားပြိုင်ကြမည့် ပရီမီယာလိဂ်ပွဲစဉ်(၃) (ဩဂုတ် ၃၀၊ ၃၁)

ဩဂုတ်လရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃)ကို ဩဂုတ် ၃၀ရက်(ယနေ့)နဲ့ ဩဂုတ် ၃၁ရက်(တနင်္ဂနွေနေ့)တို့မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ယခုတစ်ပတ်မှာ အသင်းကြီးတွေအတွက် ခက်ခဲနိုင်ပြီး ခြေရည်တူအသင်းများ ယှဉ်ပြိုင်မယ့်ပွဲစဉ်တွေပါဝင်နေတာကြောင့် ဒီတစ်ပတ်လည်းပရိသတ်ကို ရင်ခုန်ဖမ်းစားနိုင်ဦးမှာပါ။

အကြိတ်အနယ်ရှိလာနိုင်

ယခုတစ်ပတ် ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်ကိုးပွဲစလုံးဟာ ခြေရည်တူအသင်းတွေဖြစ်တာကြောင့် ပွဲတိုင်းဟာ အကြိတ်အနယ်ရှိလာနိုင်ပါတယ်။ ဇယားထိပ်မှာ ဦးဆောင်နေတဲ့ စကိုလာရီရဲ့ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ မြို့ခံပြိုင်ဘက်ဖြစ်တဲ့ ရာမို့စ်ရဲ့စပါးကို ဧည့်ခံကစားရမှာဖြစ်ပါတယ်။ ဒါဟာ စကိုလာရီအတွက် ပထမဦးဆုံး လန်ဒန်ဒါဘီပွဲပါ။ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးပြုလုပ်ထားပေမယ့် ထင်သလိုဖြစ်မလာတဲ့ စပါးကို ချယ်လ်ဆီးတို့ အနိုင်ယူပြီး အောင်ပွဲခံသွားဦးမှာပါ။ ဒါပေမယ့် ချယ်လ်ဆီးဟာ အလယ်တန်းတောင့်တင်းသလောက် ရှေ့တန်းကအားရစရာ မရှိတာကြောင့် အကြိတ်အနယ်ကစားပြီးမှ သုံးမှတ်အပြည့်ရမှာပါ။ ကံတရားရဲ့ ဖေးမကူညီမှုကြောင့် တာထွက်ကောင်းခဲ့တဲ့ ဘင်နီတက်စ်ရဲ့ လီဗာပူးဟာ မာတင်အိုနေးလ်ရဲ့ ဗီလာကို အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်တာကြောင့် ဒီပွဲဟာလည်း အကြိတ်အနယ်ရှိလာမယ့် ပွဲကောင်းတစ်ပွဲပါပဲ။ ဗီလာမှာ ခြေစွမ်းထက်ကစားသမားကောင်းတွေရှိနေတာကြောင့် ဧည့်သည်လီဗာပူးတို့ ဒီတစ်ကြိမ်မှာရော ကံကောင်းနိုင်ဦးမလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။ ဒါပေမယ့် လူပြန်စုံနေတဲ့ လီဗာပူးတို့ဘက်က အနည်းငယ်အလေးသာနေပါတယ်။

တာထွက်မကောင်းခဲ့တဲ့ အာဆင်နယ်ကတော့ အိမ်ကွင်းမှာ ကီးဂန်းရဲ့ နယူးကာဆယ်နဲ့ ကစားရမှာဖြစ်တာကြောင့် ဝင်းဂါးအတွက် လူငယ်တွေနဲ့ အလုပ်ဖြစ် မဖြစ်ဆိုတာ နောက်ထပ်အစမ်းသပ်ခံရမယ့် ပွဲတစ်ပွဲလို့ဆိုရမှာပါ။ ချန်ပီယံလိဂ်မှာ ခြေစွမ်းပြနေပေမယ့် ပရီမီယာလိဂ်မှာ ခြေစွမ်းပျောက်နေတဲ့ အာဆင်နယ်ဟာ ယမန်နှစ်ကထက် ခြေစွမ်းထက်လာတဲ့ နယူးကာဆယ်ကို အသာစီးရယူဖို့ အတော်ခက်ခဲပါတယ်။ အာဆင်နယ်အိမ်ကွင်းဆိုပေမယ့် အကြိတ်အနယ်ကစားပြီး သရေတစ်မှတ်ခွဲယူရမယ့် အနေအထားပါ။

အိမ်ကွင်းအားသာ

ယခုတစ်ပတ်မှာ ဘော်လ်တန်၊ အဲဗာတန်၊ ဟူးလ်စီးတီး၊ မစ်ဒယ်ဘရော့နဲ့ ဆန်းဒါးလန်းတို့ဟာ အိမ်ကွင်းအားသာချက်နဲ့ သုံးမှတ်အပြည့်ရယူသွားနိုင်လိမ့်မယ်လို့ ယူဆရပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၃)ကစားမယ့် ပွဲများမှာ ဩဂုတ် ၃၀ရက်(ယနေ့)တွင် ဘော်လ်တန်နဲ့ဝက်စ်ဘရွန်း၊ အဲဗာတန်နဲ့ ပို့စ်မောက်၊ ဟူးလ်စီးတီးနဲ့ ဝီဂန်၊ မစ်ဒယ်ဘရော့နဲ့ စတုတ်စီးတီး၊ ဝက်စ်ဟမ်းနဲ့ ဘလက်ဘန်း၊ အာဆင်နယ်နဲ့ နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့)မှာ ချယ်လ်ဆီးနဲ့စပါး၊ ဆန်းဒါးလန်းနဲ့မန်စီးတီး၊ ဗီလာနဲ့လီဗာပူးတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၂)အပြီးတွင် ချယ်လ်ဆီးနှင့်လီဗာပူးတို့မှာ ခြောက်မှတ်စီဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး ဘလက်ဘန်း၊ ဟူးဟ်စီးတီး၊ မန်ယူနှင့် နယူးကာဆယ်တို့မှာ လေးမှတ်စီအသီးသီးရရှိထားကြသည်။

ဝင်းတင်(ကြေးမုံ)

သတိပေးကြေညာချက်

၁။ ရန်ကုန်မြို့တွင်း Down Town (၆)မြို့နယ်အတွင်းသို့ ဝင်ရောက်လာသော ခရီးသည်တင် ယာဉ်လိုင်းများသည် ပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ်ထိန်းသိမ်းသည့်အခါတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား တိကျစွာလိုက်နာမှု ရှိသော်လည်း ကြပ်မတ်ထိန်းသိမ်းမှုမရှိသည့်အခါတွင် စည်းကမ်းချိုးဖောက်မှုများ ပြန်လည်ကျူးလွန်လေ့ရှိကြောင်း တွေ့ရှိရသဖြင့် အောက်ဖော်ပြပါ စည်းကမ်းများအား တိကျစွာလိုက်နာသွားရန်-

(က) ရန်ကုန်မြို့တွင်း Down Town (၆)မြို့နယ်၌ ရပ်နားမည့် မှတ်တိုင်တူပါက ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်ခြင်း မပြုရန်။

(ခ) မိမိသတ်မှတ်ထားသော မှတ်တိုင်တွင်သာ ရပ်နားရမည်။ မိမိမှတ်တိုင် မဟုတ်သော အခြားနေရာ မှတ်တိုင်တို့တွင် ရပ်နားခြင်း မပြုရ။

(ဂ) ယာဉ်နှစ်ထပ်ရပ်ခြင်း မပြုရ။

(ဃ) ယာဉ်တစ်စောင်းရပ်ခြင်း မပြုရ၊

(င) နောက်ကားရောက်ရှိက ရှေ့ကားထွက်ခြင်းအားတိကျစွာ လိုက်နာရမည်။

(စ) မီးပွိုင့်တွင် ခရီးသည်စောင့်ဆိုင်းတင်ဆောင်ခြင်း မပြုရ။

၂။ အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိသည့် ခရီးသည်တင်ယာဉ်များအား ယာဉ်မောင်းနှင်ခွင့်လိုင်စင်၊ စပါယ်ယာလိုက်ခွင့်လိုင်စင်နှင့် ယာဉ်လိုင်းပြေးဆွဲခွင့်တို့အား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၀၈-၂၀၀၉ဘောလုံးရာသီချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုများပေါ်ထွက်

မိုနာကို ဩဂုတ် ၂၉

၂၀၀၈-၂၀၀၉ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပတ်လည်အဆင့် ယှဉ်ပြိုင်မည့်အသင်းများကို ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ မဲခွဲရွေးချယ်ခဲ့ရာ အောက်ပါအတိုင်း ပေါ်ထွက်လာခဲ့သည်-

အုပ်စု(က)
ချယ်လ်ဆီး(အင်္ဂလန်)
ရိုးမား(အီတလီ)
ဘော်ဒိုး(ပြင်သစ်)
ကလူ့ချ်(ရိုမေးနီးယား)

အုပ်စု(ခ)
အင်တာမီလန်(အီတလီ)
ဝါဒါဘရီမင်(ဂျာမနီ)
ပင်နာသီယာကော့စ်(ဂရိ)
ဖာမာဂက်တော(ဆိုက်ပရပ်)

အုပ်စု(ဂ)
ဘာစီလိုနာ(စပိန်)
စပို့တင်းလစ္စဘွန်း(ပေါ်တူဂီ)
ဘေဆယ်(ဆွစ်ဇာလန်)
ရှက်တာဒိုးနက်(ယူကရိန်း)

အုပ်စု(ဃ)
လီဗာပူး(အင်္ဂလန်)
PSV(ဟော်လန်)
မာဆေးလ်(ပြင်သစ်)
အက်သလက်တီကို(စပိန်)

အုပ်စု(င)
မန်ယူ(အင်္ဂလန်)
ဗီလာရီးယဲလ်(စပိန်)
ဆဲလ်တစ်(စကော့တလန်)
အယ်လ်ဘော့ဂ်(ဒိန်းမတ်)

အုပ်စု(စ)
လိုင်ယွန်(ပြင်သစ်)
ဘိုင်ယန်မြူးနစ်(ဂျာမနီ)
စတူအာဘူခါရက်(ရိုမေးနီးယား)
ဖီအိုရင်တီးနား(အီတလီ)

အုပ်စု(ဆ)
အာဆင်နယ်(အင်္ဂလန်)
ပေါ်တို(ပေါ်တူဂီ)
ဖီနာဘာချီ(တူရကီ)
ဒိုင်နမိုကီယက်(ယူကရိန်း)

အုပ်စု(ဇ)
ရီးယဲလ်မက်ဒရစ်(စပိန်)
ဂျူဗင်တပ်(အီတလီ)
ဇင်းနစ်(ရုရှား)
ဘိုရီဆော့ဗ်(ဘီလာရုစ်)

(အင်တာနက်)

SKY HOME Language Centre ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၉

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo West International Education Academy ၏ ရန်ကုန်ကျောင်းခွဲဖြစ်သော SKY HOME Language Centre မှ သင်တန်းသစ်များ ထပ်မံဖွင့်လှစ်လိုက်ကြောင်း သိရှိရသည်။

ယင်းသင်တန်းများမှာ ၂၀၀၈ ခုနှစ် NIHONGO NOORYOKU SHIKEN (Level 1, 2, 3,4)၊ Conversation (Basic/Inter)၊ Four Skills Class (Level 1,2,3,4) နှင့် ဂျပန်စာ အခြေခံ (တစ်ဦးချင်း/ဝိုင်း)တို့ ဖြစ်သည်။ **(အောက်ဝဲပုံ)**

ဂျပန်ဘာသာအပြင် အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားများကိုပါ သင်ကြားပေးမည်ဖြစ်ပြီး ဂျပန်ဘာသာ ဆက်လက်လေ့လာလိုသူများသည် SKY HOME တွင် လာရောက်သင်တန်းတက်ပါက နီရှိတိုကျိုကျောင်းသို့ ဆက်လက်တက်ရောက်နိုင်ရေးအတွက် တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်ရာ လေးတန်းနှင့်အထက် ကလေးများအတွက်လည်း ဂျပန်နိုင်ငံ သင်ရိုးအတိုင်း သင်ကြားပေးမည့် အထူးအစီအစဉ်လည်းရှိကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက်မှစ၍ သင်တန်းအားလုံးကို ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ခန်းလျှင် ၁၅ ဦးသာ သင်ကြားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံရှိ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများကရန်ကုန်မြို့ SKY HOME ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား Exam Test, Interview များ ပြုလုပ်မည်ဖြစ်သောကြောင့် ပြင်ပမှဂျပန်စာလေ့လာထားသော ကျောင်းသား၊ ကျောင်းသူများအားလုံး စိတ်ပါဝင်စားပါက အခမဲ့ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရုပ်သေးဆရာဦးဖိုးခြို၏ ရသေ့ရှစ်သောင်းဇာတ်ထုပ်

ဇာတ်ဆရာ
မောင်ကျော်ဒိုး

နာမည်ကျော် ရုပ်သေးဆရာကြီး ဦးဖိုးခြို့အကြောင်း တင်ပြလိုပါသည်။ ဦးဖိုးခြို့သည် ရုပ်သေးပွဲ အလွန်ကြိုက်သော မိခင်က မွေးဖွားခဲ့သူ ဖြစ်သည်။ သူ့မိခင်သည် ကိုယ်ဝန်အရင့်အမာကြီးနှင့် နေ့မွေးမလား၊ ညမွေးမလား အခြေအနေမှာပင် ရွာဦးကျောင်းဘုရားပွဲမှ ရုပ်သေးပွဲကိုကြည့်စဉ် ဗိုက်နာလာသဖြင့် အိမ်ပြန်ချိန်ပင်မရ၊ ပွဲခင်းနှင့် မလှမ်းမကမ်း ချုံပုတ်တစ်ခုအတွင်း ဝင်ကာ မီးဖွားလိုက်ရသည်။ အငြိမ့်အဖွဲ့မှ ဆိုင်းသံနားထောင်ရင်း မွေးလာသော ကလေးကို ဖိုးခြို့ဟု နာမည်ပေးခဲ့သည်။

ချုံပုတ်ထဲတွင် မွေးခဲ့ရ၍ မောင်ဖိုးခြို့ဟု တွင်သော ထိုသူငယ်သည် မိခင်ထံမှ ရုပ်သေးပွဲကြိုက်သော အမွေရသည်၊ ရုပ်သေးမှန်သမျှ လိုက်ကြည့်ရင်း အရွယ်ရောက်သော် ရုပ်သေးကြိုးဆွဲဆရာ ကိုဖိုးခြို့ ဖြစ်လာသည်။ ရုပ်သေးဝါရင့်သည်နှင့်အမျှ ကိုဖိုးခြို့သည် ဆင်ရုပ်၊ မြင်းရုပ်၊ မျောက်ရုပ်၊ ဇော်ဂျီရုပ်၊ ဘီလူးရုပ်၊ ငှက်ရုပ်၊ ဘုရင်ရုပ်၊ ဝန်ကြီးရုပ်၊ မင်းသားရုပ်၊ မင်းသမီး ရုပ်များကို ကျွမ်းကျင်စွာ ကြိုးဆွဲတတ်သည်။ စွယ်စုံဦးဖိုးခြို့ ဖြစ်လာသည်။ ရုပ်သေးဇာတ်ကောင်တို့၏ အသံများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆိုနိုင်၊ ပြောနိုင်သည်။ စာတတ်သဖြင့်၊ စာဖတ်သဖြင့် ဝမ်းစာပြည့်သည်။ ပြောရာ၊ ဆိုရာ၌လည်း စာဘောင်ပဲ့သူအဖြစ် ထင်ရှားသည်။

ဦးဖိုးခြို့ အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်တွင်း ရောက်သည့်တိုင် ရုပ်သေးလုပ်ငန်းကို မစွန့်လွှတ်၊ ကိုယ်တိုင် ရုပ်သေးအဖွဲ့ကို တည်ထောင်၊ ကိုယ်တိုင်ကြိုးဆွဲ၊ ကိုယ်တိုင်ပြောဆို - ငို၊ ကိုယ်တိုင် ဇာတ်နိပါတ်များကို မှီပြီး ဇာတ်ထုပ်များရေးသားဆဲ။ ဇာတ်စကား၊ ဇာတ်စာ၊ ဇာတ်ဝင်တေးသီချင်းများ ရေးဆဲဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ဦးဖိုးခြို့၏ ရုပ်သေးအဖွဲ့ မကဖူးသောမြို့ မရှိသေး။ ယခုလည်း မြစ်ဝကျွန်းပေါ်ဒေသမှ ဘုရားပွဲတော်ကျင်းပမည့် မြို့လေးသို့ ဦးဖိုးခြို့၏ ရုပ်သေးအဖွဲ့ကပြရန် ဘုရားပွဲတော် ကော်မတီနှင့် စာချုပ်ထားပြီးဖြစ်သည်။ ဦးဖိုးခြို့၏ ပဒုကုသလဇာတ်၊ ပဒုမဇာတ်၊ ဒွေးမယ်နော်ဇာတ်၊ ဥပကနှင့်မဆာဝါဇာတ်၊ ပဋာစာရီဇာတ်များကို မြစ်ဝကျွန်းပေါ်က ကြိုက်ကြသည်။

ရန်ကုန်မြို့ မိုးကောင်းဘုရားပွဲတော်တွင် ဦးဖိုးခြို့၏ စွယ်စုံရုပ်သေးသဘင်အဖွဲ့ ငါးညကပြပြီးပြီ။ ဂေါပကအဖွဲ့က တစ်ညတိုးကပေးရန် မေတ္တာရပ်ခံသော်လည်း ဦးဖိုးခြို့က မြစ်ဝကျွန်းပေါ်မှပွဲစဉ် အပျက်မခံနိုင်၊ စာချုပ်အတိုင်း ကပြရန် မော်တော်ငယ်တစ်စင်းဖြင့် ရုပ်သေး ဆိုင်းသေတ္တာ၊ ရုပ်သေးရုပ် သေတ္တာများနှင့် ရုပ်သေးအဖွဲ့သားများ တင်ကာ ရန်ကုန်မြို့မှ ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက် ဦးဖိုးခြို့ တစ်ယောက် ကပြမည့်ဇာတ်ထုပ်များ၊ ရှေ့ပိုင်းထိုးဇာတ်(အော်ပရာ)များကို ရွေးချယ်စဉ်းစားလာခဲ့သည်။

လမ်းခုလတ်မှာပင် မိုးသက်လေပြင်းဒဏ် ခံရသည်။ ဝဲတစ်ခု ရှိရာသို့ မော်တော်ကို လေပြင်းက တွန်းပို့လိုက်သလိုဖြစ်သွားပြီး မော်တော်မှောက်သည်။ လူလွတ်အောင် မနည်းကူးခတ်ကြရသဖြင့် ဆိုင်းသေတ္တာ၊ ရုပ်သေးရုပ် သေတ္တာများကို မည်သူမျှမဆယ်နိုင်ကြ။ အသက်ဘေးလွတ်အောင် ကိုယ်လွတ်ရုန်းပြီး ကူးခတ်နေကြရသည်။ ဇာတ်အဖွဲ့သားများ၏ ကယ်ပါ ယူပါ အသံများက ပတ်ဝန်းကျင်၌ ဖုံးလွှမ်းနေသည်။ ရွာဆက်ဝေးနေသဖြင့် ကယ်သူပေါ်မလာ။

မော်တော်နစ်ပြီး ရုပ်သေးဆိုင်းနှင့် ရုပ်သေးရုပ်များ ဆုံးရှုံးရခြင်းမှာ ဦးဖိုးခြို့အတွက် ကမ္ဘာပျက်ခြင်းပေတည်း။ ဦးဖိုးခြို့သည် ဒီဇယ်ဆီထည့်သော ပလတ်စတစ်ပုံးလွတ် တစ်ခုကို ဖက်တွယ်ကူးခတ်ရင်း ညဘက် ဘုရားပွဲတော်တွင် မိမိရုပ်သေးအဖွဲ့ ကပြခြင်း မပြုနိုင် ဖြစ်ရသည်ကို ပိုမိုဝမ်းနည်းနေမိသည်။ ထိုစဉ် ဦးဖိုးခြို့ အနီးတွင် ရုပ်သေးရုပ်တစ်ခု ပေါ်လာရာ ဦးဖိုးခြို့က ဖမ်းဆွဲယူလိုက်သည်။ ရသေ့ရုပ်ကလေးတစ်ရုပ် ဖြစ်နေသည်။

သမ္ဘာရင့်၊ ဝါရင့် ရုပ်သေးဆရာကြီးပီပီ ဦးဖိုးခြို့သည် ရသေ့ရုပ်သေးရုပ်ကလေးဖြင့်ပင် ယနေ့ည ရုပ်သေးပွဲဖြစ်အောင် ကပြရန် ဆုံးဖြတ်လိုက်သည်။ ဆိုင်းကိုတော့ မြို့ခံဆိုင်းအဖွဲ့ ငှားမည်၊ အလွယ်ကူဆုံးနည်းဖြင့် ဇာတ်တိုက် တီးလုံးတိုက်ရန် ကြိုတင်စိတ်ကူးပြင်ဆင်ရင်း ကမ်းဘက်အရောက် ကူးခတ်လာခဲ့သည်။ ကံကောင်းသည်မှာ ရုပ်သေးအဖွဲ့ဝင်အားလုံး အသက်ဘေး လွတ်ခဲ့ကြခြင်းဖြစ်သည်။ မကြာမီ အကြိုလိုက်လာသော မြို့ခံမော်တော်က သူတို့ကို ကယ်ဆယ်တင်ဆောင်သွားသည်။ ဘုရားပွဲဂေါပကအဖွဲ့က ဦးဖိုးခြို့အား စိတ်မကောင်းကြောင်း၊ ဝမ်းနည်းကြောင်း၊ ယခုည ရုပ်သေးမကနိုင်သည့်အတွက် စိတ်မချမ်း မသာမဖြစ်စေလိုကြောင်း၊ ဆရာတော်ကလည်း ဦးဖိုးခြို့ကို အားပေးစကား မှာကြားကြောင်း ပြောပြသည်။

ဦးဖိုးခြို့က မလျှော့၊ မြို့ခံ ဆိုင်းအဖွဲ့ကိုသာ ငှားပေးပါ၊ မိမိအနေဖြင့် ယခုည ရုပ်သေးပွဲဖြစ်အောင် ကမည်ဟု ပြောကြားသည်။ ကပြမည့်ဇာတ်ထုပ်အမည်ကိုလည်း ဦးဖိုးခြို့က ပေးလိုက်သည်။ "ရသေ့ရှစ်သောင်းဇာတ်" ဟူ၍ ဖြစ်သည်။

ညဘက် ဘုရားပွဲလာသူများက ဦးဖိုးခြို့၏ စွယ်စုံရုပ်သေးသဘင်အဖွဲ့ မော်တော်နစ်မြုပ်၍ ဇာတ်ဆိုင်း၊ ရုပ်သေးရုပ်ကအစ ဆုံးရှုံးရပုံကို စုတ်တသပ်သပ်ဖြင့် ပြောကြားသည်။ ဤကြားထဲမှာပင် ဦးဖိုးခြို့သည် ရုပ်သေးပွဲဖြစ်အောင် ကပြမည် ဆိုသည်ကိုလည်း အံ့သြချီးကျူးရင်း လာရောက်အားပေးကြရာ ပွဲခင်းလျှံသွားရလေတော့သည်။ မြို့ခံဆိုင်းက ပရိသတ်ခေါ်ဆိုင်းသံ ပေးနေပေပြီ။ အချိန်တန်သောအခါ ဦးဖိုးခြို့က ပရိသတ်ကို မိမိတို့အဖွဲ့ မော်တော်နစ်ပုံကအစ အသေးစိတ် နတ်သံပစ်တော့သည်။ ပရိသတ်ကလည်း စုတ်သပ်ကြသည်။

ရသေ့ရှစ်သောင်း ဇာတ်ထုပ်ကြီး စတင်ခင်းပေပြီ။ ဆိုင်းက ကြိုးဘွဲ့ခံပေးလိုက်သည်။ ဦးဖိုးခြို့သည် ဇာတ်စင်တစ်ဖက်မှ ရသေ့ရုပ်ကလေးကို ပရိသတ်ရှေ့ ထုတ်ပြပြီး ရသေ့ဟန်(ဇာတ်ဟန်) အပြည့်ဖြင့် ဇာတ်စင်အလယ်အထိ လျှောက်လှမ်းလာစေသည်။

"ဤသည်ကား တာပသရသေ့ဖြစ်တော့သကိုး"

ဦးဖိုးခြို့၏ အောင်မြင်ခံ့ညားသော အသံဖြင့် ရသေ့ရုပ်နှင့် ပရိသတ်ကို မိတ်ဆက်ပေးသည်။ တာပသရသေ့၏ ငယ်စဉ်ဘဝနှင့် ရသေ့ဘဝ အကြောင်းကို ကာရန်နဘေ၊ ပါဠိပါဌ်သား လွှမ်းကဲထုံမွှမ်းစွာ ပြောကြားပေးသည်။ ရသေ့ရုပ်ကိုလည်း ဇာတ်ခုံပေါ်၊ ဟိုဘက်ထိပ်မှ သည်ဘက်ထိပ် ရောက်အောင် အပြန်အလှန် လျှောက်ပြသည်။ ထို့နောက် ရသေ့ရုပ်ကို ဇာတ်စင်တစ်ဖက်မှ တစ်ဆင့် အတွင်းဘက်သွင်းလိုက်သည်။

ဆိုင်းက ကြိုးဘွဲ့ခံတီးပေးနေစဉ် ထိုရသေ့ရုပ်ကိုပင် ဇာတ်စင် တစ်ဖက်မှ ထုတ်လာပြန်သည်။

"ဤသည်ကား ဥရုဝေလရသေ့ကြီးဖြစ်တော့သကိုး"ဟု ဘွဲ့မည်တပ်မိတ်ဆက်ကာ ရသေ့ကြီး နောက်ကြောင်း ရှေ့ကြောင်းများကို ရွတ်ပြနေတော့သည်။ ဥရုဝေလရသေ့ကြီး ဇာတ်စင်နောက် ပြန်ဝင်သွားပြီး နောက်ရသေ့တစ်ပါး ထွက်လာပြန်၏။

"ဤသည်ကား ဣသိရသေ့ကြီး ဖြစ်တော့သကိုး"

ဤသို့ဖြင့် မိုးသာစင်စင်လင်းရော ရသေ့ရှစ်သောင်းစလုံး ထုတ်ပြမိတ်မဆက်ပေးနိုင်သေး။ ပရိသတ်ကို ငဲ့ပြီး ဦးဖိုးခြို့က ဤသို့ ဇာတ်သိမ်းစကားပြောရင်း ရသေ့ရှစ်သောင်းဇာတ်ကို အဆုံးသတ်လိုက်ရသောဟူ၏။

"ပရိသတ်တို့ရေ . . . အချို့သော ရသေ့များကား ချဉ်ဆားအလို့ငှာ ရပ်ရွာများသို့ အလှူခံထွက်ကြ၊ အချို့ကား ဂူအောင်းပြီး တရားကျင့်ကြံနေသဖြင့် ယခု ပရိသတ်ရှေ့ အကုန်ကြွမလာနိုင်တာခွင့်လွှတ်ကြ၊ သည်းခံကြ၊ အရေးကြီးဆုံးကတော့ ရသေ့ရှစ်သောင်းဟာ မြတ်ဗုဒ္ဓ တရားတော်မြတ်ကို ခံယူကျင့်ကြံအားထုတ်ကြရင်း နိဗ္ဗာန်ဘောင်ခရီးကို တရားမဂ္ဂင်ဖောင်ကြီးစီးပြီး နိဗ္ဗာန်ရောက်ကုန်ကြပြီဖြစ်ရာ ပရိသတ်တို့လည်း နိဗ္ဗာန်သို့ တက်လှမ်းနိုင်အောင် ကျင့်ကြံပွားများ အားထုတ်ကြပါမယ့်အကြောင်း ကျွန်တော်မောင်ဖိုးခြို့ စွယ်စုံရုပ်သေးသဘင်အဖွဲ့ကြီးက အကျိုးမျှော် နှိုးဆော်လိုက်ရပါတယ်ခင်ဗျာ---ကျန်းမာကြပါစေ---ချမ်းသာကြပါစေ"

ဦးဖိုးခြို့လည်း ရသေ့ရုပ်ကလေး တစ်ရုပ်တည်းဖြင့် ရသေ့ရှစ်သောင်းဇာတ် ကပြနိုင်ခဲ့သည်။ ပရိသတ်တို့ကလည်း ရသေ့ရှစ်သောင်း ဆိုသည်မှာ ထိုရေမျောကမ်းတင် တစ်ရုပ်တည်းသော ရုပ်သေးရုပ်ရသေ့ ဖြစ်ကြောင်း ကောင်းကောင်းသိလိုက်ကြပေသည်။

****

(၂)

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း နှစ်ရာကျော်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့ ဝင်ရောက်ပြီးသောနိုင်ငံပေါင်း ၁၉၂နိုင်ငံ ဖြစ်သည်။ ယနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများဟု တွင်သော နိုင်ငံပေါင်း ၁၅၀ ကျော်သည် လွန်ခဲ့သည့် ၁၈ရာစု၊ ၁၉ရာစုမှ ၂၀ရာစု တစ်ဝက်ခန့်အထိ ဥရောပမှ နယ်ချဲ့နိုင်ငံကြီး ဒါဇင်ဝက်ခန့်၏ ကျူးကျော်ကျွန်ပြု၊ သွေးစုပ်ခံခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်အပြီး ကျွန်ပြုခံနိုင်ငံများက လွတ်လပ်ရေးတိုက်ပွဲများ ဆင်နွှဲကာ လွတ်လပ်လာခဲ့ကြသည်။ ကုလသမဂ္ဂကလည်း ကိုလိုနီစနစ်ခေါ် ကျူးကျော်သိမ်းပိုက် ကျွန်ပြုသွေးစုပ်သော စနစ်ကို ဖျက်သိမ်းခဲ့သည်။

သို့သော် ယနေ့ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ကနေဒါ၊ ဒတ်ချ်၊ ဒိန်းမတ်၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့၏ လက်အောက်တွင် ကျွန်ပြုခံနိုင်ငံ (သို့မဟုတ်) ကိုလိုနီနယ်မြေ ၆၀ခန့် ရှိနေဆဲ ဖြစ်သည်။ အများစုမှာ ပင်လယ်၊ သမုဒ္ဒရာများရှိ ကျွန်းနိုင်ငံများဖြစ်သည်။ ယင်းကျွန်းနိုင်ငံများကို အနောက်နယ်ချဲ့နိုင်ငံများက စီးပွားရေးစားကျက်အဖြစ် သုံးသည်။ ရေကြောင်းသွားလာရေး၊ သယ်ယူပို့ဆောင်ရေး အချက်အချာစခန်းများအဖြစ် သုံးသည်။ နယ်ချဲ့နိုင်ငံကြီးများ၏ လေတပ်၊ ရေတပ်၊ မရင်းတပ်၊ ဒုံးကျည်တပ်စခန်းချရာအဖြစ် သုံးသည်။ ယနေ့ ကမ္ဘာတွင် ကိုလိုနီ(ကျွန်ပြု)စနစ် (ဝါ) နယ်ချဲ့စနစ်မရှိဟု မည်သူ အာမခံနိုင်ပါသနည်း။

နယ်ချဲ့ဝါဒ (ကိုလိုနီဝါဒ)ဆိုသည်မှာ ကျူးကျော်ကျွန်ပြုခံရသော နိုင်ငံများအတွက် လူဖြစ်ရှုံးပြီး၊ ကျူးကျော်သိမ်းပိုက်သော နိုင်ငံများအဖို့ "ပွပေါက်" ချည်းဖြစ်သည်။ ကျွန်ပြုခံ နိုင်ငံများမှ ထွက်ကုန်ပစ္စည်း၊ မြေပေါ်မြေ အောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတ ပစ္စည်းများ (သစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ ကျောက်မျက်ရတနာမျိုးစုံ၊ စိုက်ပျိုးရရှိသော ဂျုံ၊ ဆန်စပါး၊ ပဲမျိုးစုံ၊ ဝါဂွမ်း စသည့် ကောက်ပဲသီးနှံ များ)ကို နယ်ချဲ့တို့ အလွယ်တကူ နှိုက်ယူသွားမည်။ မူလဒေသခံပြည်သူများကို ဖိနှိပ်မည်၊ ညှဉ်းပန်းမည်၊နာလန်မထူနိုင်အောင် အညွန့်ချိုးမည်။ ယနေ့ နယ်ချဲ့ နိုင်ငံကြီးများ ချမ်းသာနေခြင်းမှာ ၎င်းတို့ ပညာတော်လွန်း၍ချည်းမဟုတ်၊ စက်မှုလုပ်ငန်း ကြီးထွားလွန်း၍ချည်းမဟုတ်။ အခြားနိုင်ငံများမှ ထွက်ကုန်များ၊ သယံဇာတများ၊ ပြည်သူတို့၏ လုပ်အားများကို ကြံရည်ကြိတ်စက်ဖြင့် ကြိတ်ယူသလို ယူသွားကြပြီး ချမ်းသာနေကြခြင်းဖြစ်သည်။

ကုလသမဂ္ဂက ကိုလိုနီစနစ် (ကျူးကျော်၊ တိုက်သိမ်း၊ ရေရှည်စိုးမိုးကာ ယင်းကျွန်ပြုခံနိုင်ငံ၏ မနဥစ္စာများ လုယူသော စနစ်) မျိုးကို လက်မခံ။ ဖျက်သိမ်းထားသည်။ သို့သော် အရင်းရှင်နယ်ချဲ့နိုင်ငံကြီးများတွင် လူဦးရေ က တိုးလာသည်။ စက်မှုလုပ်ငန်းက တိုးပွားလာသည်။ ထိုအခါ စက်မှု ကုန်ကြမ်း၊ စွမ်းအင်လောင်စာ၊ လူတို့၏ လုပ်အားများကို အလကားနီးနီး ဖြင့် ရအောင် နယ်ချဲ့လိုကြသည်။ ကိုယ်ရှိက ကိုယ့်ကြိုက်ဈေးနှင့် ရောင်း၊ ကိုယ်လိုတာ သင့်ရာဈေး ပေးဝယ်ကြမည်ဆိုလျှင် နယ်ချဲ့စရာ မလိုပေ။ သို့သော် ဝိသမလောဘမှ တကယ့်ဝိသမလောဘ ဖုံးလွှမ်းကာ ကိုလိုနီပုံစံ သစ်ဖြင့် နိုင်ငံများစွာကို ကြိုးကိုင်၊ ခြယ်လှယ်၊ သွေးစုပ်နိုင်ရန် ညစ်မျိုးစုံစွာ အသုံးပြု နယ်ချဲ့နေကြပေသည်။

နိုင်ငံတစ်ခုကို ၎င်း(နယ်ချဲ့) တို့လက်ဝယ်ရောက်ရှိရန် (၁) အားနည်းပျော့ညံ့လွန်းသော နိုင်ငံငယ်များ၊ အစိုးရငယ်များက မိမိတို့နိုင်ငံကို ကြိုက် သလိုသုံးရန် ထိုးဆပ်သောနည်း၊ (၂)ယင်းနိုင်ငံမှ လူထုတင်ထားသော အစိုးရ၊ တရားဝင်အစိုးရ၊ ဒီမိုကရေစီနည်းကျအစိုးရ ဖြစ်ပါစေ ၎င်းတို့ ခြယ်လှယ်သွေးစုပ်ရန် အခွင့်မသာလျှင် ထိုနိုင်ငံမှ တရားဝင်အစိုးရများ ပြုတ်ကျစေရန် လုပ်နည်း။ ပြီးတော့ . . . ၎င်းတို့ကြိုးကိုင်သမျှခံမည့် ရုပ်သေးအစိုးရ တင်ပေးနည်း၊ (၃)အကြမ်းဖက်မှု အန္တရာယ်၊ ချူကလီးယားအန္တရာယ်၊ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး အန္တရာယ် ပုဒ်မတစ်ခုခု (ယင်းပုဒ်မ သို့မဟုတ် စွပ်စွဲချက်မှန်စရာမလို) အသုံးပြုပြီး ဖိအားပေး၊ အကျပ်ကိုင်၊ နောက်ဆုံး စစ်ရေးကျူးကျော်တိုက်ခိုက်သိမ်းပိုက်နည်းတို့ သုံးတတ်ကြသည်။

နိုင်ငံတစ်ခု၏ မဲဆန္ဒရှင် သန်းပေါင်းများစွာက မဲပေးတင်မြှောက်ထားသော အစိုးရများကို နယ်ချဲ့ကြီးက မကြိုက်လျှင် လူဦးရေ ထောင်ဂဏန်းလောက်ကို ဆန္ဒပြဆူပူစေပြီး ထိုအစိုးရအား နုတ်ထွက်ရန် အနောက်ပါးစပ်များ၊ အနောက်မီဒီယာများက ဖိအားပေးဖြုတ်ချသည်။ ဤသည်ကို ပြည်သူ့စွမ်းအားဒီမိုကရေစီဟု နာမည်တပ်လိုတပ်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အစိမ်းရောင် တော်လှန်ရေးစသည့် အရောင်တော်လှန်ရေးနာမည် တပ်လိုတပ် လုပ်ကြသည်။

ကမ္ဘာတွင် နိုင်ငံတကာ၏အချုပ်အခြာအာဏာကို ချိုးဖောက်ကျူးကျော်သိမ်းပိုက်၊ အဆီစုပ်နေသော နယ်ချဲ့နိုင်ငံကြီးများက ယနေ့ "ဟိုနိုင်ငံ လူ့အခွင့်အရေး ချိုးဖောက်သည်"၊ "ဒီနိုင်ငံ ဒီမိုကရေစီဆန့်ကျင်သည်"၊ "အဲ . . . ဟိုနိုင်ငံ အကြမ်းဖက်သမားများ လက်ခံသည်" စသည်ဖြင့် ၎င်းတို့ ပါးစပ်နှင့် မတန်မရာ အော်ဟစ်စွပ်စွဲနေပေသည်။ နယ်ချဲ့တစ်နိုင်ငံ (သို့မဟုတ်) နယ်ချဲ့ဒေဝဒတ်ဂိုဏ်းဝင်

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတစ်ခု၏ မဲဆန္ဒရှင် သန်းပေါင်းများစွာက မဲပေးတင်မြှောက်ထားသော အစိုးရများကို နယ်ချဲ့ကြီးက မကြိုက်လျှင် လူဦးရေ ထောင်ဂဏန်းလောက်ကို ဆန္ဒပြ ဆူပူစေပြီး ထိုအစိုးရအား နုတ်ထွက်ရန် အနောက်ပါးစပ်များ၊ အနောက်မီဒီယာများက ဖိအားပေး ဖြုတ်ချသည်။ ဤသည်ကို ပြည်သူ့စွမ်းအားဒီမိုကရေစီဟု နာမည်တပ်လိုတပ်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အစိမ်းရောင် တော်လှန်ရေး စသည့် အရောင်တော်လှန်ရေးနာမည် တပ်လိုတပ် လုပ်ကြသည်။

မြောင်းချောင်း တံတား

ဩဂုတ် ၂၆ရက်က ဖွင့်လှစ်လိုက်သော ကလေးမြို့နယ် မြောင်းချောင်းတံတားကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (ဆောက်လုပ်ရေး)

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ဩဂုတ် ၂၆ရက်က စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ဆန်းချစ်တို့ ကလေးမြို့နယ် မြောင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းဖော်ပြပြီး)(ဆောက်လုပ်ရေး)

မန္တလေးတက္ကသိုလ် ရွှေရတုသဘင် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲနှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၉

၁၉၅၈ ခုနှစ်မှစ၍ တက္ကသိုလ်အဖြစ်အဆင့်တိုးမြှင့်ခဲ့သော မန္တလေးတက္ကသိုလ်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ ဈေးပွဲတော်နှင့် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၈)နှစ်ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီး ၂၂၉ ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာ ပူဇော်ကန်တော့ လှူဒါန်းနိုင်ရန်နှင့် စုဆောင်းထားရှိသော မန္တလေးတက္ကသိုလ်နှင့်ပတ်သက်သည့်မှတ်တမ်းဓာတ်ပုံများကိုလည်း ဒေါက်တာမြအေး (ပါမောက္ခချုပ် မန္တလေးတက္ကသိုလ်) ဖုန်း-၀၂-၃၄၄၂၀၊ ဦးပိုမြင့် (ပါမောက္ခချုပ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်) ဖုန်း-၀၉၂၀၀၀၇၃၅၊ ဒေါက်တာ ခင်ဆွေမြင့် (ဒုတိယပါမောက္ခချုပ် မန္တလေးတက္ကသိုလ်) ဖုန်း-၀၂-၃၆၆၃၃ နှင့် ဒေါက်တာ မောင်မောင်လေး (ပါမောက္ခ/ဌာနမှူး) မြန်မာစာဌာန ဖုန်း-၀၉၂၀၀၀၈၆၇ တို့ထံ ဆက်သွယ်လှူဒါန်း ပေးပို့ကြပါရန် ရွှေရတုအထိမ်းအမှတ်နှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ မန္တလေးတက္ကသိုလ်မှ နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

✧ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

နိုင်ငံအနည်းငယ်က မကြိုက်သည်ကို နိုင်ငံတကာက မကြိုက်၊ ကမ္ဘာက မကြိုက်ဟု မုသားလိုင်စင်ရများပီပီ ကူလီကူမာ၊ ကလိန်ကကျစ် ပြောလေ့ရှိသည်။ နယ်ချဲ့တို့၏ အပြစ်မဲ့၊ ဘာသာကွဲ၊ အယူကွဲနိုင်ငံများအပေါ် အသားလွတ်ကျူးကျော်ကာ ယင်းနိုင်ငံများမှ ရေနံကဲ့သို့သော သယံဇာတများ လုယက်ယူငင်နေပုံကို ကမ္ဘာကမကြိုက်၍ ကန့်ကွက်ကြသည်။ ထိုအခါမျိုးတွင် နယ်ချဲ့ကြီးများက မသိကျိုးကျွန်လုပ်ကာ ကြောင်ရိုက်မနာလုပ်ပြကြသည်။ ၎င်းတို့ နယ်ချဲ့အုပ်စု သုံးလေးနိုင်ငံလောက်က မကြိုက်သည်ကိုမူ တစ်ကမ္ဘာလုံးကမကြိုက်ဟု ပြောရဲကြသည်။

မြန်မာနိုင်ငံတွင် နယ်ချဲ့သမားနှင့် အပေးအယူ၊ လက်ဝါးရိုက်ကာ ၎င်းတို့အာဏာရဖို့ အဓိက၊ နယ်ချဲ့တို့ ကြိုက်သလိုသာလုပ်ကြ၊ မြန်မာပြည်သူများ နာချင်သလောက် နာပစေဆိုသော အုပ်စုမျိုးလည်း ရှိသည်။ ထိုအဖွဲ့ကို ပြည်ပနယ်ချဲ့များက ဗန်းတင်ပေးလေ့ရှိသော စကားလုံးမှာ "ပြည်သူလိုလား ထောက်ခံသောပါတီ၊ ခေါင်းဆောင်" ဟူ၍ ဖြစ်သည်။ အမှန်စင်စစ် ပြည်သူ တစ်ရပ်လုံးက နယ်ချဲ့ကို အသေမုန်းပြီးသားဖြစ်သည်။ သူ့ကျွန်ဘဝသို့ မည်သည့်ပုံစံနှင့်မျှ ပြန်မရောက်လိုကြ။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကိုသာ အလေးထားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကိုမေလအတွင်းက ၉၂ဒသမ၄၈ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုပေးခဲ့ပြီးလည်း ဖြစ်သည်။

NLD၊ ပြည်ပြေးများ၊ လက်ကျန်သောင်းကျန်းသူများနှင့် နယ်ချဲ့ကြီးများက ပြည်သူတို့အားအခြေခံဥပဒေကို ကြက်ခြေခတ်ပြီး ကန့်ကွက်ရန် အမြုပ်ထွက်အောင် အော်ခဲ့ကြပြီးပြီ။ လက်တွေ့၌ ၆ ရာခိုင်နှုန်းကသာ အခြေခံဥပဒေကို ကန့်ကွက်မဲပေးခဲ့ကြသည်။ အမှန်စင်စစ် NLD ၏ ထိပ်တိုက်ရင်ဆိုင်ရေးလုပ်ရပ်၊ ပြည်ပမှ ပိတ်ဆို့မှုများကို လက်ရပ်ခေါ်ခဲ့သော မွဲဆေးဖော်လုပ်ရပ်၊ ပြည်သူ့ဆန္ဒကို ထိပ်တိုက်ဆန့်ကျင်သောလုပ်ရပ်များကြောင့် ပြည်သူ၏ ဝိုင်းပယ်ဆန့်ကျင်ခံနေရသည့်NLD၊ သမိုင်း၏ ဒဏ်ခတ်ခံနေရသည့် NLD၊ပါတီဝင်များ နွေဦးရာသီ၌ သစ်ပင်ပျို၊ သစ်ပင်အိုတို့မှ ရွက်ဟောင်းများကြွေကျ၊ မြေခသကဲ့သို့ တဖြုတ်ဖြုတ်နုတ်ထွက်ကုန်ကြရာ ယနေ့ဆိုလျှင် ပါတီဝင်ဦးရေမှာ လက်ချိုးရေတွက်၍ ရနေပြီဖြစ်သည့် NLDသည် ပြည်သူ့ထောက်ခံမှုဟူ၍လည်း ဘဲဥပင်မကွဲသော အခြေဆိုက်နေပေသည်။ သို့သော်လည်း နယ်ချဲ့ပါးစပ်များမှာတော့ NLDကို တစ်နိုင်ငံလုံးမှ ပြည်သူများက ထောက်ခံသည်ဟု အော်ဟစ်နေဆဲ ဖြစ်ပေသည်။

မည်သို့ဆိုစေ။ ယင်းတို့နယ်ချဲ့နိုင်ငံ(နယ်ချဲ့နိုင်ငံ ဒါဇင်ဝက်ခန့်အနက်မှ အဆိုးသွမ်းဆုံး၊ ကောက်ကျစ်ယုတ်မာဆုံး နယ်ချဲ့နိုင်ငံ) တစ်ခုတစ်လေ၏ သဘောထားကို ကမ္ဘာ့သဘောထားဟု ကမ္ဘာနှင့်ကိုင်ပေါက်နေသော နယ်ချဲ့ပါးစပ်များ၊ ပြည်သူတစ်စုံတစ်ယောက်၏ ထောက်ခံမှုမျှမရရှိသည့်၊ ပါတီဝင်များ စုံကန်ထွက်သွားခြင်းခံနေရသည့် NLD ကို တစ်နိုင်ငံလုံးက ထောက်ခံသည့်ပါတီဟု ပါးစပ်မှ အမြှုပ်ထွက်အောင် အော်ဟစ်နေသူများအကြောင်း စဉ်းစားတိုင်း ဇာတ်ဆရာမောင်ကျော်ဒိုးသည် ရုပ်သေးဆရာကြီး ဦးဖိုးခြို ရသေ့ရုပ်တစ်ရုပ်တည်းဖြင့် ရသေ့ရှစ်သောင်း ဇာတ်ထုပ်ကပြသွားခဲ့သည်ကို သတိရလိုက်မိပါသည်။

"ဤသည်ကား တာပသရသေ့ဖြစ်တော့သည်။"
"ဤသည်ကား ဥရုဝေလရသေ့ဖြစ်တော့သည်။"
"ဤသည်ကား ဣသိရသေ့ဖြစ်တော့သည်။"

စာပေလက်ထောက်-၂ ရေးဖြေ/လူတွေ့ ဖြေဆိုအောင်မြင်သူများစာရင်း ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် ရေးဖြေ/လူတွေ့စာမေးပွဲများ ကျင်းပခဲ့ရာ စာမေးပွဲအောင်မြင်သူ ၁၃ဦးရှိကြောင်း၊ ၎င်းတို့မှာ စပ-၁ ဦးကျော်နိုင်တင့်၊ စပ-၃ ဒေါ်ခင်ချောရဲ၊ စပ-၄ ဒေါ်ခင်ရွှေဝါဖူး၊ စပ-၁၆ ဒေါ်ချိုနွယ်ငွေဝင်း၊ စပ-၁၈ ဦးစိုးထိုက်လှိုင်၊ စပ- ၂၈ ဒေါ်ဇာခြည်လှသန်း၊ စပ-၄၂ ဦးနေလင်းဝေ၊ စပ-၆၀ ဒေါ်ရတနာမြင့်၊ စပ-၆၂ ဒေါ်ရွှေလဝါဝါ၊ စပ-၆၇ ဒေါ်သီတာငွေ၊ စပ-၇၀ ဒေါ်သက်နန္ဒာလှိုင်၊ စပ-၇၂ ဒေါ်သဲဝါ၊ စပ-၇၅ ဦးသန့်ဇော်ထွန်းတို့ဖြစ်သည်။

အဆိုပါ ရေးဖြေ/လူတွေ့အောင်မြင်သူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆောက်အအုံ အမှတ်(၇) နေပြည်တော် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူးထံ စက်တင်ဘာ ၃၀ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၀၂၄၊ ၀၆၇-၄၁၂၃၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E&P Myanmar သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A(1) တွင် 4th Drilling Campaign အဖြစ် ရေနံတွင်းတူးစက် Transocean Legand ဖြင့် ၂၀၀၈ ခုနှစ် စက်တင်ဘာ၁ရက်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၁ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် Transocean Legand ဖြင့် တူးဖော်မည့် ရေနံတွင်းများ၏ တည်နေရာများမှာ First Well မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၀ မိနစ် ၅၈.၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၁၀မိနစ် ၃၁.၆ စက္ကန့်၊ Second Well မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၉မိနစ် ၆.၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၀၄မိနစ် ၂၃.၅ စက္ကန့်၊ Third Well မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၃ မိနစ် ၇.၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၀မိနစ် ၄၀.၆၁ စက္ကန့်တို့တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A(1)တွင် ရေနံအစမ်းတွင်းများကို ရေနံတွင်းတူးစက် Transocean Legand ဖြင့် တူးဖော်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မဟာပရိတ္တ"တရားတော်
၇း၅၀ - ၁း၅၀	မြန်မာ့စပီရူလိုင်းနား
၈း၁၀ - ၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅ - ၂း၃၅	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ရွှေမင်းဝန်ဦးဘုန်းမြင့်နှင့်တွေ့ဆုံခြင်း)
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	သာယာရွှေပြည် တို့နေပြည် (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဇေလုဝ၊ ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ - ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁၀း၂၀ - ၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	စက်မှုစီးပွား ထုတ်ကုန်အား (MYANMAR MARINA)
၁၀း၅၅ - ၄း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀ - ၅း၀၀	ကလေးတို့အတွက်လက်ဆောင် (ယုန်ရုပ်နှင့် ဘဲငန်းရုပ်ကလေးခေါက်ကြရအောင်)
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၁း၄၀ - ၅း၄၀	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀	Yangon Panorama (NatRay Co., Ltd. KETTLER Showroom ဖွင့်ပွဲအခမ်းအနား)
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်ဇင်ဝေ)
၁၂း၄၅ - ၆း၄၅	အဆာပြေစားကြမယ် သရေစာမုန့်များကွယ် (မန္တလေးခနုံထုပ်ပြုလုပ်နည်း)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	West Ham - Blackburn	ESPN (Live)
	Everton - Portsmouth	Star Sports(Live)
၁၀း၅၅	Arsenal - Newcastle	Star Sports(Live)
၁၁း၀၀	Bolton - West Brom	ESPN (SDD)

ပြည်နယ်နှင့်တိုင်းအလွတ်တန်းနှင့် ယူ-၁၈ ဘတ်စကက်ဘောပြိုင်ပွဲ အလွတ်တန်းပြိုင်ပွဲ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်စစ်ကိုင်းတိုင်းဗိုလ်စွဲ အသက်(၁၈)နှစ်အောက်ပြိုင်ပွဲ၌ ရန်ကုန်တိုင်းအမျိုးသား၊အမျိုးသမီးပထမရရှိ

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၈ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲနှင့် စတုတ္ထအကြိမ်မြောက် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်းဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

ပြည်နယ်နှင့်တိုင်း အလွတ်တန်း အမျိုးသား ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကမန္တလေးတိုင်းကို (၇၉-၇၆)မှတ်၊ အမျိုးသမီး ဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းက ရန်ကုန်တိုင်းကို (၈၃-၅၈)မှတ်၊ အသက်(၁၈)နှစ်အောက်အမျိုးသား ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကို (၇၅-၅၄)မှတ်၊ အသက်(၁၈)နှစ်အောက် အမျိုးသမီး ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက စစ်ကိုင်းတိုင်းကို (၇၀-၅၄)မှတ်တို့ဖြင့် အနိုင်ရဗိုလ်စွဲ သွားကြသည်။

ဗိုလ်စွဲသွားကြသော အလွတ်တန်းပြိုင်ပွဲမှရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအသင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း၊ အသက်(၁၈) နှစ်အောက် ပြိုင်ပွဲ၌ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီး အသင်းတို့မှာ ချန်ပီယံဘွဲ့များ ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်တိုင်း အသက်(၁၈)နှစ်အောက် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှာ ပြိုင်ပွဲ လေးကြိမ်စလုံးတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်း ဖြစ်သည်။

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစား ဝန်ကြီးဌာန မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီအတွင်းရေးမှူးဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မြင့်နှင့် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိန်သန်းတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသန့်ရှင်းဆုံး အသင်း ဆုရရှိကြသော အလွတ်တန်းအမျိုးသမီးပြိုင်ပွဲမှမကွေးတိုင်း၊ အမျိုးသားပြိုင်ပွဲမှ ရှမ်းပြည်နယ် (တောင်ပိုင်း)၊အသက်(၁၈)နှစ်အောက် အမျိုးသမီးပြိုင်ပွဲမှ ဧရာဝတီတိုင်း၊ အမျိုးသားပြိုင်ပွဲမှ ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့အား ဆုဖလားနှင့် ငွေ သားစုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အသက်(၁၈)နှစ်အောက် ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းများကိုလည်းကောင်း၊ အလွတ်တန်းပြိုင်ပွဲပထမဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသားအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

တံခွန်စိုက်ဒိုင်း ချီးမြှင့်

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသား အလွတ်တန်းပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းအား တံခွန်စိုက်ဒိုင်း ချီးမြှင့်စဉ်။

(ကြေးမုံ)

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ အလုပ်သမားနှင့်အမှတ်(၁)စက်မှုတို့နိုင်

နေပြည်တော် ဩဂုတ် ၂၉

၂၀၀၈ခုနှစ် ဒုတိယအကြိမ်နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့ ၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (ကက) အုပ်စုမှ အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း(ကက)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဘောလုံး အသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

၃၀-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(ခခ)အုပ်စုမှ ယဉ်ကျေးမှုနှင့်အားကစား

(ပေါင်းလောင်းကွင်း)

(ခခ)အုပ်စုမှ ပြန်ကြားရေးနှင့် မွေး/ရေ

(၁၀၇)

မြန်မာနိုင်ငံ အမျိုးသားအဆင့်စီမံကိန်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးနှင့်အကြိုအလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၉

သစ်တောရေးရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (International Centre for Integrated Mountain Development - ICIMOD) တို့ ပူးတွဲကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားအဆင့်စီမံကိန်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးနှင့် အကြိုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်း သစ်တောသုတေသနဌာနရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က တောင်တန်းဒေသ ပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းရေးတို့ အရေးပါကြောင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (ICIMOD) မှ Dr. Eklabya Sharma က ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် ထာဝစဉ်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုလုပ်ငန်းများ အစီအစဉ်နှင့် ဘက်စုံရေနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ဟူ၍ သီးခြား အစီအစဉ်သုံးခုခွဲခြားပြီး တင်ပြဆွေးနွေးကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ဥရောပ အကောင်းဆုံးဘောလုံးသမားဆု မန်ယူမှ စီရော်နယ်လ်ဒိုဆွတ်ခူး

မိုနာကို ဩဂုတ် ၂၉

ပေါ်တူဂီလက်ရွေးစင်နှင့် မန်ချက်စတာယူနိုက်တက် ရှေ့တန်းတိုက်စစ်မှူးဖြစ်သူ စီရော်နယ်လ်ဒိုအား ယူအီးအက်ဖ်အေ ဥရောပကလပ်အသင်းများ၏ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်လိုက်ကြောင်း ယနေ့ ကြေညာလိုက်သည်။

စီရော်နယ်လ်ဒိုသည် ယမန်နှစ်ဘောလုံးရာသီအတွင်း ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌ သွင်းယူခဲ့သည့် ရှစ်ဂိုးအပါအဝင် စုစုပေါင်း ၄၂ဂိုးသွင်းယူခဲ့သည်။ ၎င်းကို အကောင်းဆုံးရှေ့တန်းလူအဖြစ်လည်းရွေးချယ်ခဲ့သည်။ ထို့ပြင် ချယ်လ်ဆီးကလပ်အသင်းမှ ဘောလုံးသမားသုံးဦးဖြစ်သည့် ဂျွန်တယ်ရီက အကောင်းဆုံးနောက်တန်းဆုကိုလည်းကောင်း၊ ဖရန့်လမ်းပတ်က အကောင်းဆုံး အလယ်တန်းဆုကို လည်းကောင်း၊ ပီတာချက်ကအကောင်းဆုံးဂိုးသမားဆုကိုလည်းကောင်း ဆွတ်ခူးရရှိသွားသည်။ ***အမ်အင်န်အေ၊ရိုက်တာ။***



ကမာရွတ်မြို့နယ် ရွှေမှုဆယ် အထည်ဆိုင်လူသတ်မှုမှ တရားခံအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၈)ရပ်ကွက် လှည်းတန်းလမ်း အမှတ်(၁၀၃/အေ)နေ ဒေါ်လှမြင့်သည် ဇူလိုင် ၁၄ရက်တွင် တိုက်ခန်းအလယ်၌ မှောက်လျက် လက်နှစ်ဖက် ကြိုးနောက်ပြန်တုတ်ထားပြီး နှာခေါင်းနှင့် ပါးစပ်တို့အား အဝတ်နှင့် စည်းကာ သေဆုံးနေသည်ကို တွေ့ရှိပြီး ဆိုင်အတွင်းရှိ ရွှေ၊ ငွေ၊ ဗွီစီဒီစက်နှင့် အဝတ်စများ တန်ဖိုးငွေကျပ် ၉၁၀၀၀၀ ခန့်မှာပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် တူတော်သူ ကိုကြည်မင်းက ကမာရွတ်ရဲစခန်းသို့ တိုင်တန်းရာ ရဲစခန်းမှ (ပ)၁၅၄/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂/၃၉၄ အရ အမှုဖွင့် အရေးယူခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ

အမှုမှပြစ်မှုကျူးလွန်သူ တရားခံနှင့် သက်သေခံပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းနိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အခင်းဖြစ်အရပ်နှင့် အနီးပတ်ဝန်းကျင် အနေအထားများကို စစ်ဆေးပြီး စုံစမ်းဖော်ထုတ်ခဲ့ရာ ဩဂုတ် ၂၇ရက် နံနက် ၁၀နာရီတွင် ပြစ်မှုကျူးလွန်သူ ဝင်းလှ(၂၉) နှစ်၊ (ဘ)ဦးကောင်းတင် အမှတ်(၉၀၄) ဇေယျာသီရိ (၆)လမ်း(၁၆) ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့ မှူးခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်းရမိ

ဖမ်းဆီးရမိတရားခံ ဝင်းလှက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံပြီး ရွှေမှုဆယ်ဆိုင်မှ ရယူခဲ့သော ဗွီစီဒီစက်ကို ရွှေဘုံသာလမ်းရှိ လမ်းဘေးဆိုင်၌ရောင်းချခဲ့ကြောင်းထွက်ဆို၍ သိမ်းဆည်းရမိခဲ့ပြီးဖြစ်သည်။

ပြစ်မှုကျူးလွန်သူ တရားခံ ဝင်းလှအား ကမာရွတ်ရဲစခန်းမှ အမှုခိုင်မာစွာ တည်ဆောက်၍ တရားစွဲတင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်
၁:၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ အမျိုးသားရေး တေးကဗျာ
၄:၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆:၂၅ ၁၃။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ လူ့ရှင်တော်ရွှေဖလား
၂၀။ English Usage
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင် သူရဲကောင်း (အပိုင်း-၂၃)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

○ **ကျောဖုံးမှ**

များနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးထုတ်လုပ်သူများအသင်းနာယက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရှင်းလင်းတင်ပြပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၂၀ နှင့် ခိုလုံလီရှောတိုင်းရင်းသား ဦးကျော်မြင့်က နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ မျိုးကောင်းမျိုးသန့် မျိုးစပါးများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် မော်တော်ဆိုင်ကယ်အင်ဂျင်ဖြင့် ရေစုပ်၍ ရေတင်နေမှုနှင့် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ **မကွေးတိုင်းမှ**

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် ကျောက်ဆောက် ရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွက် ဒေသဝမ်းစာ ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အထောက်အကူပြုစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ဆီအိုးကြီးဟု တင်စားခေါ်ရလောက်အောင် ဆီဖူလုံမှုရာခိုင်နှုန်း ၄၂၉ ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အပြင် ဒေသဝမ်းစာဖူလုံရေးအတွက် ရေရရှိရေးနည်းလမ်းများအလိုက် ယခုနှစ် မိုးစပါး ၉၃၂၀၉၆ ဧက စိုက်ပျိုးရန်လျာထားချက်အနက်မှ ဧက ၃၂၀၀၀၀ ကိုလည်း ပန်းတိုင်အထွက်နှုန်း တစ်ဧကတင်း ၁၀၀ကျော်ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပခုက္ကူခရိုင်အနေဖြင့် ယခင်က မိုးစပါးဧက ၉၈၀၀၀ နှင့် နွေစပါးဧက ၁၁၀၀၀ ကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရေရရှိရေးနည်းလမ်းများ ရှာဖွေပြီး မိုးစပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းပေါင်း ၇၁ ခုကို စီမံချက်ချဆောင်ရွက်စေခဲ့ရာတွင် ယခုအခါ လုပ်ငန်းပေါင်း၅၅ ခု အပြီးသတ် ဆောင်ရွက်ပေးနိုင်ခဲ့၍ အကျိုးပြုဧက ၆၀၀၀ခန့်အထိ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည့်အပြင် ကျန်ရှိနေသော လုပ်ငန်း ၁၆ခုအနက် ငါးခုမှာလည်း အပြီးသတ်နေပြီဖြစ်ကာ အကျိုးပြုဧက ၂၅၀ခန့် ရရှိလာဦးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကျောက်ဆောက်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ကျောက်ဆောက် ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောက်ဆောက်ရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယခု ဖွင့်လှစ်ခဲ့သော ကျောက်ဆောက်ရေလှောင်တမံသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီး ကျောက်ဆောက်ချောင်းကို ပိတ်၍ တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၅ ပေ၊ တမံအလျား ပေ ၂၉၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၅၁၉ ဧကပေရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည့်အပြင် စပါးနှင့် အခြားသီးနှံဧက ၁၅၀ အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ကျောက်ဆောက်ရေလှောင်တမံသည် နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ် နောက်ပိုင်း တည်ဆောက်ပေးခဲ့သည့် ၂၁၄ ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းကန်နှင့်ကြွေပြားစက်ရုံ(သာယာဝတီ) အကြီးစားပြုပြင်ရန် စာချုပ်ချုပ်ဆိုပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Boshan Pump Science and Technology Co., Ltd တို့ ပန်းကန်နှင့် ကြွေပြားစက်ရုံ(သာယာဝတီ) အကြီးစားပြုပြင်မွမ်းမံရန် စာချုပ်ချုပ်ဆိုပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ Shandong Boshan Pump Science and Technology Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာချုပ်ချုပ်ဆိုပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် Shandong Boshan Pump Science and Technology Co.,Ltd မှ Vice President Mr.Wang Yue Bo တို့က စာချုပ်တွင် လက်မှတ်ရေးထိုးလဲလှယ်ကြပြီး Mr. Wang Yue Bo က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Boshan Pump Science and Technology Co.,Ltd. မှ Vice President Mr. Wang Yue Bo တို့ ပန်းကန်နှင့် ကြွေပြားစက်ရုံ(သာယာဝတီ) အကြီးစား ပြုပြင်မွမ်းမံရန်စာချုပ်ကို လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။ (စက်မှု-၁)

လက်ကိုင်အသံချဲ့စက်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနသို့ မီးသတ်လုပ်ငန်းများနှင့်အရေးပေါ်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ငွေကျပ် ၇၀၀၀၀၀တန်ဖိုးရှိ MEGA PHONE သုံးလုံး ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့တွင် စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ကျင်းပရာ အလှူရှင် စစ်ကိုင်းမြို့ အိုးတန်းရပ်နေ ဦးဇော်ဝင်းက လက်ကိုင်အသံချဲ့စက် MEGA PHONE များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လှူဒါန်းသည့် ပစ္စည်းများကို လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်လုပ်ငန်းများနှင့် အရေးပေါ်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ငွေကျပ် ခုနစ်သောင်းတန်ဖိုးရှိ Mega Phone သုံးလုံးကို အလှူရှင် စစ်ကိုင်းမြို့ အိုးတန်းရပ်နေ ဦးဇော်ဝင်း-ဒေါက်တာ ဒေါ်နှင်းနှင်းစိန် မိသားစုက ပေးအပ်လှူဒါန်းစဉ်။ (မီးသတ်ဦးစီး)

အလာစကာပြည်နယ်အုပ်ချုပ်ရေးမှူး အမျိုးသမီးအား ဂျွန်မက်ကိန်းက ဒုတိယသမ္မတလောင်း ရွေးချယ်

ဒေတန် ဩဂုတ် ၂၉

အမေရိကန်နိုင်ငံ သမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံမည့် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်း ဘာရက်အိုဘားမားက ဒုတိယသမ္မတလောင်းအဖြစ် အတွေ့အကြုံရင့်ကျက်သူ အထက်လွှတ်တော်အမတ် ဂျိုးဘိုင်ဒင်ကို ရွေးချယ်လိုက်ပြီးနောက် ရီပတ်ဘလီကန်ပါတီ ပါတီကိုယ်စားပြု သမ္မတလောင်း ဂျွန်မက်ကိန်းကလည်း ဒုတိယသမ္မတလောင်းကို ယနေ့ မွန်းလွဲပိုင်းက အိုဟိုင်းယိုးပြည်နယ် ဒေတန်မြို့၌ ပြုလုပ်သည့် အခမ်းအနားတွင် ရွေးချယ်လိုက်သည်။

ဂျွန်မက်ကိန်းရွေးချယ်လိုက်သည့် ဒုတိယသမ္မတလောင်းမှာ အသက်(၄၄)နှစ်အရွယ်သာ ရှိသေးသော ကလေးငါးဦးမိခင်ဖြစ်သူ အလာစကာပြည်နယ် အုပ်ချုပ်ရေးမှူး ဆာရာပါလင်ဆိုသူဖြစ်သည်။ ဆာရာပါလင်သည် အမေရိကန်နိုင်ငံ၏ အသက်အငယ်ဆုံး အမျိုးသမီးပြည်နယ် အုပ်ချုပ်ရေးမှူး ဖြစ်သည်။

ယနေ့ ဒုတိယသမ္မတလောင်း ရွေးချယ်ပွဲတွင် ဂျွန်မက်ကိန်း၏ အသက်(၇၂)နှစ်မြောက် မွေးနေ့ဖြစ်ပြီး ဒုတိယသမ္မတလောင်း ဆာရာပါလင်ကမူ အိမ်ထောင်သက် အနှစ်(၂၀)ပြည့်မြောက်သည့်နေ့နှင့် တိုက်ဆိုင်နေကြောင်း စီအင်န်အင်န် သတင်းတွင် ဖော်ပြသွားသည်။

အင်တာနက်။

ရီပတ်ဘလီကန်ပါတီ ဒုတိယ သမ္မတလောင်း ဆာရာပါလင်။
(ဓာတ်ပုံ-အင်တာနက်)

✻ **တရုတ်နိုင်ငံမှ**

၄၉၂ မီတာ မြင့်သော အဆိုပါ အဆောက်အအုံသည် တရုတ်နိုင်ငံ ဖူဒေါင်ခရိုင် လျူကျီယာဇူဒေသတွင် တည်ရှိပြီး ဝှမ်ပူမြစ်ကို အပေါ်စီးမှ ကြည့်ရှုနိုင်သည်။ မြေပြင်အထက် အထပ်ပေါင်း ၁၀၁ ထပ်၊ မြေအောက်တွင် အထပ်သုံးထပ်ရှိကြောင်း တည်ဆောက်သော ရှန်ဟိုင်းဆောက်လုပ်ရေးအုပ်စု၏ပြောပြချက်အရ သိရသည်။

ပထမနှစ်ထပ်မှာ ရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှု ဆိုင်ခန်းများဖြစ်သည်။ သုံးထပ်မှ ငါးထပ်အထိမှာ အစည်းအဝေးခန်းမများဖြစ်သည်။ ခုနစ်ထပ်မှ ၇၇ ထပ်အထိမှာ အိပ်ခန်းများနှင့် ရုံးခန်းများဖြစ်သည်။ ၇၉ထပ်မှ ၉၃ ထပ်အထိမှာ ပတ်ယတ်ရှန်ဟိုင်းဟိုတယ်ဖြစ်သည်။ ၉၄ ထပ်နှင့် အထပ် ၁၀၀ တို့တွင် သဘာဝရှုမျှော်ခင်း ကြည့်လိုသူများအတွက် နက္ခတ်ကြည့် မျှော်စင်ဖြစ်သည်။ စနေနေ့တွင် ကမ္ဘာလှည့် ခရီးသည်များအတွက် ဖွင့်ပေးမည်ဖြစ်သည်။ အထပ် ၁၀၀ တွင်ရှိသော နက္ခတ်ကြည့် မျှော်စင်သည် ကမ္ဘာပေါ်၌ ယင်းကဲ့သို့သော အမျိုးအစားတွင် အမြင့်ဆုံးဖြစ်သည်။ မြေပြင်မှ ၄၇၄ မီတာ မြင့်သည်။

ကမ္ဘာလှည့် သုံးသန်း

နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် သုံးသန်းရရှိမည်ဟု မျှော်လင့်ထားသည်။ တစ်ဦးလျှင် ဝင်ကြေးနှုန်းကို တရုတ်ယွမ်ငွေ ၁၀၀ မှ ယွမ် ၁၅၀ (အမေရိကန်ဒေါ်လာ ၁၆)သတ်မှတ်ထားသည်။

၎င်းမိုးမျှော်တိုက်ကြီးကို ၁၉၉၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး အရှေ့တောင်အာရှ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ချိန်တွင် ရပ်နားထားခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ရောက်မှ ပြန်လည်စတင် တည်ဆောက်ခဲ့သည်။

တွေးထင်ခဲ့

မိုးမျှော် အဆောက်အအုံကြီး ဆောက်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံသူ မိုရိအဆောက်အအုံ တည်ထောင်သူ မီနိုရူမိုရိက ၎င်းတို့က ယင်းလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်ချသောအခါ လူအများက ဖူဒေါင်သည် ဘဏ္ဍာရေးဗဟိုဌာနဖြစ်လာလိမ့်မည်ဟု တွေးထင်ခဲ့ကြသည်။

သက်သေပြ

ရှန်ဟိုင်း ကမ္ဘာ့ဘဏ္ဍာရေး ဗဟိုဌာနကို အောင်မြင်စွာ စတင်နိုင်ခြင်းသည် ရှန်ဟိုင်းသည် အာရှတွင် ထိပ်တန်းစီးပွားရေးမြို့တော် မလွဲမသွေဖြစ်လာမည်ကို သက်သေပြလိုက်ခြင်းဖြစ်သည်ဟု မိုရိက ပြောသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၀၈ (စနေနေ့)
[၁၃၇၀ပြည့်နှစ်၊ ဝါခေါင်လကွယ် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **"သတိနဲ့ယှဉ် အသိနဲ့ပြင် (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅ ၇။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) အခြေခံပညာ ၁၅၊ ၂၀ နှစ် (အမျိုးသား၊ အမျိုးသမီး)
၈း၃၀ ၈။ International News.
၈း၄၀ ၉။ Islands of Dhamma.
၈း၅၀ ၁၀။ **ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) ရွှေတောင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရေနံချောင်းမြို့ မကွေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်း
၁၂း၀၀ ၅။ The Race of Dragon Boats.
၁၂း၄၅ ၆။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ (Telematch)
၁း၁၅ ၇။ **တစ်ပါးသီလ (ဇော်လင်း၊ ခင်စိုးပိုင်) (ဒါရိုက်တာ-မောင်နှင်းမိုး)**
၂း၁၅ ၈။ အတီးပြိုင်ပွဲ
၂း၃၀ ၉။ တေးဂီတအစီအစဉ်
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၁၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၄း၃၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက်၊ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက-၂၈မ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅း၀၀ ၅။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၅း၁၅ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၅း၄၀ ၇။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) (အမျိုးသား၊ အမျိုးသမီး)
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၅၀ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၀ ၁၁။ တန်ခိုးတော်ထင်ရှား ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရား
၇း၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေးချစ်ပုံပြင်" (အပိုင်း-၂၆)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁၇)**
၁၇။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၁၈။ အစီအစဉ်ပြီး၏။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း သြရိဿပြည်နယ် ပန်ဒါပါမြို့တွင် အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် မီးလောင်နေသည့် ယာဉ်တစ်စီးကို သြဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံနှင့် အိန္ဒိယ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုရရှိ

စင်ကာပူ သြဂုတ် ၂၉

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် အိန္ဒိယနိုင်ငံတို့သည် ငါးနှစ်ကြာ ဆွေးနွေးပြီးနောက် ကုန်စည်များနှင့်သက်ဆိုင်သော လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဝန်ကြီးများက သြဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

အာဆီယံစီးပွားရေးဝန်ကြီးများ၏ သုံးရက်ကြာဆွေးနွေးပွဲအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီး လင်ဟန်ကိုယန်နှင့် အိန္ဒိယစီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ကာမယ်လ်နတ်တို့က သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း ကြေညာသည်။ ထိုသဘောတူညီချက်ကို ဒီဇင်ဘာတွင် ကျင်းပမည့် ဗန်ကောက်အာဆီယံ ထိပ်သီးအစည်းအဝေး၌ လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။

ထိုသဘောတူညီမှုတွင် ပထမအဆင့်အနေဖြင့် အာဆီယံမှ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၁၁ ခုနှစ်ခန့်တွင် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ(အက်ဖ်တီအေ)ကို ထူထောင်ရန်ဖြစ်ပြီး ကျန်အာဆီယံနိုင်ငံများနှင့် ၂၀၁၆ ခုနှစ်ခန့်တွင် ထူထောင်ရမည်ဖြစ်သည်။

ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အာဆီယံဘက်မှ အဆင်သင့်ဖြစ်သောအခါ မြန်နိုင်သမျှမြန်မြန် ဆွေးနွေးပွဲများ စတင်မည်ဖြစ်ကြောင်း ဝန်ကြီးကာမယ်လ်နတ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်ဝန်ကြီးချုပ်ကို လုပ်ကြံရန်ခြိမ်းခြောက်သည့် မသင်္ကာသူအချို့ကိုဖမ်းဆီး

လန်ဒန် သြဂုတ် ၂၉

ဗြိတိန်ဝန်ကြီးချုပ်ဂေါ်ဒွန်ဘရောင်းအားလုပ်ကြံရန် ခြိမ်းခြောက်မှုများ အင်တာနက်တွင်တင်ကာ တောင်းဆိုမှုများဖြစ်ပေါ်လာပြီးနောက် အကြမ်းဖက်ကျူးလွန်ရန် ကြံစည်သည်ဟု သင်္ကာမကင်းဖြစ်ရသူ ငါးဦးမြောက်ပုဂ္ဂိုလ်ကို ဖမ်းဆီးမိကြောင်း သြဂုတ် ၂၇ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

သက်ဆိုင်သူ သုံးဦးကို ဖမ်းဆီးခဲ့ပြီးဖြစ်ရာ ယခုအခါ စုစုပေါင်းငါးဦးကို ထိန်းသိမ်းထားသည်။

အဖမ်းခံထားရသူများမှာ ဗြိတိန်နိုင်ငံအယ်လ်ခိုင်ဒါအဖွဲ့နှင့်ပတ်သက်သူများဖြစ်ကြောင်း သည်ဂါးဒီးယန်းသတင်းစာက ဖော်ပြသည်။ ထိုအဖွဲ့သည်ယခင်အခါက အမည်မကြားဖူးသေးသည့်အဖွဲ့ ဖြစ်သည်ဟုဆိုသည်။ ယင်းအဖွဲ့သည် ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းနှင့် တိုနီဘလဲတို့အား လုပ်ကြံရန် ခြိမ်းခြောက်ခဲ့သော အဖွဲ့ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အနောက်ဂျာဗား၌ အင်အားပြင်းငလျင်လှုပ် ဆူနာမီရေလှိုင်း တက်နိုင်ခြေရှိ

ဂျကာတာ သြဂုတ် ၂၈

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် သြဂုတ် ၂၆ရက်က ရစ်ချ်တာစကေး ၆ဒသမ ၆အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ဆူနာမီရေလှိုင်းဖြစ်ပေါ်နိုင်သော အခြေအနေများရှိကြောင်း အင်ဒိုနီးရှား မိုးလေဝသဌာနက ထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာအနီးတွင် အဆိုပါမြေငလျင်လှုပ်သည့်ဒဏ်ကို ခံစားခဲ့ရကြောင်း မိုးလေဝသအေဂျင်စီမှ ဟီဒါယန်တီက ပြောကြားသည်။ ဂျကာတာတွင် ခံစားရသည့်ငလျင်၏ပြင်းအားမှာ မာကယ်လီစကေးအရ အဆင့် ၂ နှင့် ၃ အကြားတွင်ရှိသည်ဟု ဆိုသည်။

မြေငလျင်သည် နံနက် ၁၀နာရီ ၇မိနစ် (ကမ္ဘာ့စံတော်ချိန် ၀၃း၀၇နာရီ) အချိန်က ပင်လယ်ရေအောက်အနက် ကီလိုမီတာ ၂၀ နှင့် အနောက်ဂျာဗားပြည်နယ် ယူဂျန်ကူလွန်ဒေသ အနောက်မြောက် ၁၂၅ ကီလိုမီတာအကွာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါဌာနက ကြေညာသည်။

မိမိတို့ မိုးလေဝသအေဂျင်စီမှ ဆူနာမီရေလျင် သတိပေးချက်ကို ထုတ်ပြန်ပေးခဲ့ကြောင်း ဟီဒါယန်တီက ဆင်ဟွာသို့ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းဒေသဟုခေါ်သော ငလျင်လှုပ်လွယ်သည့်ဇုန်အတွင်း၌ တည်ရှိနေသည်။ ထိုနေရာသည် ကမ္ဘာ့မြေလွှာချပ်ကြီးနှစ်ချပ်တွေ့ဆုံရာနေရာ၌ တည်ရှိနေသဖြင့် မကြာခဏငလျင် လှုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အင်တာနက်။

အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင် သေဆုံး

ကဘူး သြဂုတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် သြဂုတ် ၂၇ ရက်က မိုင်းဗုံးပေါက်ကွဲမှုကြောင့် နေတိုးဦးဆောင်သောနိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ ဂျာမန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိပြီးနောက် သေဆုံးသွားကြောင်း အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကင်ဒတ်ဇ်မြို့ဆင်ခြေဖုံးတွင် သြဂုတ် ၂၇ ရက် နံနက်ပိုင်းက ကင်းလှည့်နေသော ဂျာမန်စစ်ယာဉ်တန်းအား လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရကြောင်း ဂျာမန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းသို့ဖြစ်ပွားမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားသည်။

ထိန်းသိမ်း

ဒါဘီမြို့တွင် အသက် ၂၉ နှစ်ရှိသူတစ်ဦးကို နောက်ဆုံးအဖြစ် အင်္ဂါနေ့တွင်ဖမ်းဆီးခဲ့ကြောင်း ဂရိတ်ဘားမန်ချက်စတာ ရဲတပ်ဖွဲ့က ပြောကြားသည်။ သြဂုတ် ၁၄ ရက်က မန်ချက်စတာလေဆိပ်တွင် အဆိုပါဖြစ်မှုနှင့်

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ပြန်ပေးဆွဲခံရပြီးနောက် အသတ်ခံလိုက်ရသည့် ဂျပန်နိုင်ငံမှ အကူအညီပေးရေးဝန်ထမ်း ကာဇူယာ အီတို၏ဓာတ်ပုံကို သြဂုတ် ၂၆ ရက်ထုတ် ဂျပန်မီဒီယာသတင်းတွင် ဖော်ပြထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ပြန်ပေးဆွဲခံရသည့် ထောက်ပံ့ရေးဝန်ထမ်း သေဆုံး

ရှိဝါ (အာဖဂန်နစ္စတန်) သြဂုတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ပြန်ပေးဆွဲခံရသည့် ဂျပန်ထောက်ပံ့ရေးဝန်ထမ်းတစ်ဦးကို ဖမ်းဆီးသူများက သတ်ဖြတ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် နင်ဂါဟာပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ အသက် ၃၁ နှစ်အရွယ် ကာဇူယာအီတိုအား နင်ဂါဟာပြည်နယ်၌ သြဂုတ် ၂၆ ရက်တွင် သေနတ်သမားများက ပြန်ပေးဆွဲခဲ့သည်။ အာဖဂန်ရဲတပ်ဖွဲ့က သြဂုတ် ၂၇ ရက်တွင် ကယ်တင်ရေးအတွက် စစ်ဆင်ရေး စတင်ဆောင်ရွက်သည်။

ပြန်ပေးဆွဲခံရသူ သေဆုံးကြောင်း သတင်းရရှိပြီးနောက် အာဖဂန်ရဲတပ်ဖွဲ့နှင့် နိုင်ငံစုံတပ်ဖွဲ့များ ပူးပေါင်းကာ ၎င်း၏အလောင်းကို ရှာဖွေရန် ရှိဝါကျေးရွာသို့ ခရီးထွက်ခဲ့ကြသည်။ ပြန်ပေးဆွဲသူ မည်သူဖြစ်သည်၊ အီတိုမည်သို့ သေဆုံးရသည်ကိုမူ ပြောကြားခြင်းမရှိချေ။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်ပေးဆွဲမှုဖြစ်ပွားပြီး နာရီပိုင်းအကြာတွင် ၎င်းဂျပန်ထောက်ပံ့ရေးဝန်ထမ်းကို ကယ်တင်ရန် ရဲတပ်ဖွဲ့က စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်၌ ယာဉ်မတော်တဆမှုဖြစ်ပွား တောင်ကိုရီးယားခရီးသည် ၁၀ ဦး သေဆုံး

မနီလာ သြဂုတ် ၂၈

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းတွင် သြဂုတ် ၂၇ ရက်က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ယာဉ်တစ်စီးသည် ကွန်ကရစ်နံရံကို တိုက်မိရာမှ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် တောင်ကိုရီးယားနိုင်ငံသား ၁၀ ဦး သေဆုံးကြောင်း ဒေသတွင်းသတင်းဌာနများက ရေးသားဖော်ပြသည်။

တောင်ကိုရီးယား ခရီးသည်များသည် ပင်ဂါဆီနင်ပြည်နယ် ဘိုလီနာယိုအပန်းဖြေစခန်းသို့ ခရီးထွက်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ အဝေးပြေးလမ်း၏ ညာဘက်ယာဉ်ကြောမှဘယ်ဘက်ယာဉ်ကြောသို့ ဖြတ်ပြီး ကျောက်နံရံနှင့် တိုက်မိခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးသူများက ယာဉ်မောင်းသူသည် မောင်းနှင်နေစဉ် အိပ်ငိုက်မှုကြောင့် ယာဉ်တိုက်မှု ဖြစ်ပွားရကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျော်ဂျီယာဒုက္ခသည်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာ

ဘာတူမီ(ဂျော်ဂျီယာ) သြဂုတ် ၂၈

အမေရိကန် ကမ်းခြေစောင့် စစ်သင်္ဘောတစ်စင်းသည် ဂျော်ဂျီယာဒုက္ခသည်များအတွက် ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ဂျော်ဂျီယာနိုင်ငံ၏ ပင်လယ်နက်ကမ်းခြေသို့ သြဂုတ် ၂၇ ရက်က ရောက်ရှိလာသည်။

ထိုအမေရိကန်သင်္ဘော ဒါးလပ်စ်သည် ရုရှားတပ်ဖွဲ့များ စောင့်ကြပ်လျက်ရှိသော ပိုတီဆိပ်ကမ်းသို့ ဆိုက်ကပ်ရန်ဖြစ်သော်လည်း ယင်းဆိပ်ကမ်းမှ ကီလိုမီတာ ၈၀ (မိုင်၅၀)ဝေးသော တောင်ပိုင်း ဘာတူမီဆိပ်ကမ်းသို့ နေရာပြောင်းရွှေ့ဆိုက်ကပ်ခြင်းဖြစ်သည်။

ဂျော်ဂျီယာနိုင်ငံ တီဘီလီစီမြို့ရှိ အမေရိကန်သံရုံးက စစ်သင်္ဘော ဒါးလပ်စ်သည် စစ်သင်္ဘော ယူအက်စ်အက်စ်မက်ဖာလ်နှင့် ပိုတီတွင် ပူးပေါင်းလိမ့်မည်ဟု ကနဦးက ပြောဆိုခဲ့သည်။ သို့သော် အင်္ဂါနေ့ နှောင်းပိုင်းတွင် အစီအစဉ်ပြောင်းလဲသွားကြောင်း ပြောဆိုသည်။ မည်သည့် အကြောင်းကြောင့် ထိုသို့အစီအစဉ်ပြောင်းရသည်ကိုမူ ပြောကြားခြင်းမပြုပေ။

မက်ဖာလ်သည် ထောက်ပံ့ရေးပစ္စည်းများကိုချပြီး ဘာတူမီမှ ထွက်ခွာသွားပြီဖြစ်သည်။ သို့သော် ထိုသင်္ဘောသည် ပင်လယ်နက်အတွင်း ဆက်လက်ရှိနေမည်ဟု အမေရိကန်သံရုံးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲတွင် ပြသထားသည့် ဗီ-၆ စကိုဒါကား ပုံစံသစ်ကို သြဂုတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့လယ်၌ မိုးသည်းထန်စွာ ရွာသွန်းနေသည်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံ သုံးပွင့်ဆိုင်နယ်စပ်ဒေသ ရေရှည်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုး

ဟနွိုင်း ဩဂုတ် ၂၈

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သည် ၎င်းတို့၏ သုံးပွင့်ဆိုင်နယ်စပ်ဒေသတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်နှင့် လက်တွေ့ကျကျ အထောက်အကူပြုနိုင်စေရန်အတွက် ရေရှည်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ခုအား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြကြောင်း ဗီယက်နမ် သတင်းစာက ဩဂုတ် ၂၇ရက်တွင် ဖော်ပြသည်။

အဆိုပါ သဘောတူညီချက်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အင်္ဂါနေ့က လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ ယင်းစာချုပ်အရ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့် သက်ဆိုင်သော အရေးကိစ္စများကို ရေရှည် ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာ နယ်နိမိတ်စည်းများ သက်မှတ်ရေးဆွဲမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ငုယင်သန်ဒေါင်က ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ရေးရာဝန်ကြီး ဗာကင်မ်ဟောင်နှင့် လာအိုဒုတိယနိုင်ငံခြားရေး ဝန်ကြီးပေါင်ဆာဗက်ဘူပါတို့ကို လက်ခံတွေ့ဆုံရာ၌ ပြောကြားသွားသည်။

မိမိတို့ အိမ်နီးချင်းသုံးနိုင်ငံအကြားတွင်ငြိမ်းချမ်းသာယာပြီးရင်းနှီးချစ်ခင်စွာပူးပေါင်းဆောင်ရွက်မှုကို ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရန်အတွက် သုံးပွင့်ဆိုင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကိုရေးဆွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းဒေါင်က ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့်အိမ်နီးချင်း ဗီယက်နမ်နိုင်ငံနှင့် နယ်နိမိတ်စည်းများပြန်လည်သတ်မှတ်သွားမည်ဖြစ်ပြီး နယ်စပ်အမှတ်အသား ထားရှိရေးလုပ်ငန်းကို၂၀၁၂ခုနှစ်တွင် အပြီးဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်းကမ္ဘောဒီးယားဝန်ကြီးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ကွန်ပျူတာ ဗိုင်းရပ်စ်ပိုးများ ရောက်ရှိသွား

ကိတ်ကာနီဗယ် ဩဂုတ် ၂၈

နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)တွင် ကွန်ပျူတာဗိုင်းရပ်စ်ပိုး ဝင်ရောက်လျက်ရှိသည်။ ဇူလိုင်လအတွင်းကအိုင်အက်စ်အက်စ်သို့သယ်ဆောင်သွားသည့် ခရီးဆောင်ကွန်ပျူတာများတွင် (Gammima. AG) ဟု ခေါ်သော ဗိုင်းရပ်စ်ပိုး ကျရောက်နေကြောင်း အာကာသလေ့လာရေးအဖွဲ့ နာဆာကအတည်ပြုချက် ထုတ်ပြန်သည်။

အဆိုပါ ဗိုင်းရပ်စ်ပိုးကို ကမ္ဘာတွင် ၂၀၀၇ခုနှစ် ဩဂုတ်လတွင် ပထမဆုံးစတင်သတိပြုမိခဲ့သည်။ ထိုဗိုင်းရပ်စ်သည် ကွန်ပျူတာဆော့ဝဲလ်သို့ကူးစက်ခိုလှုံပြီးနောက် အွန်လိုင်းပေါ်ရှိ ရေပန်းစားလျက်ရှိသော ကွန်ပျူတာဂိမ်းများကို ဖွင့်လိုက်ပါက ကွန်ပျူတာပိုင်ရှင်ထံမှ သတင်းအချက်အလက်များကို အလိုအလျောက် ခိုးယူရန် စောင့်ဆိုင်းလျက်ရှိသည်ဟု ဆိုသည်။

ယခုကဲ့သို့ ကွန်ပျူတာဗိုင်းရပ်စ်ပိုး အာကာသအတွင်းသို့ ရောက်ရှိနေသောအဖြစ်မှာ ပထမဆုံးသောအဖြစ်အပျက်မဟုတ်ကြောင်း သိရသည်။ အိုင်အက်စ်အက်စ် အာကာသယာဉ်ပေါ်သို့ကွန်ပျူတာဗိုင်းရပ်စ်ပိုးမည်သို့ကူးစက် ပျံ့နှံ့သွားသည်ကို သိရှိရန် စစ်ဆေးလျက်ရှိသည်ဟု နာဆာက ပြောကြားသည်။

ဗိုင်းရပ်စ်ပိုး ကူးစက်နေသော ခရီးဆောင်ကွန်ပျူတာများသည်အာကာသယာဉ်မှူးများအတွက် အစီအစဉ်များပြုလုပ်ရာတွင် အဓိကသုံးစွဲသည့်အပြင် အာကာသယာဉ်မှူးများက ကမ္ဘာမြေသို့ အီးမေးလ်၊ အီလက်ထရွန်နစ်ပို့စာများ အချိန်မှန်ပေးပို့ဆက်သွယ်ရာ၌လည်း သုံးစွဲလျက်ရှိသည်။

အာကာသယာဉ်မှူးများယူဆောင်သွားသည့် ခရီးဆောင် ကွန်ပျူတာများတွင် ဗိုင်းရပ်စ်ပိုးကို ကာကွယ်ပေးသောစနစ် ထည့်သွင်းထားခြင်း မရှိကြောင်း သိရသည်။

အာကာသအတွင်းသို့ သယ်ဆောင်သွားသော ခရီးဆောင် ကွန်ပျူတာများအတွင်းသို့ ဗိုင်းရပ်စ်ပိုးမည်ကဲ့သို့ရောက်ရှိသွားသည်ကို သိရှိရန် အိုင်အက်စ်အက်စ်မှ မဟာမိတ်များနှင့် နာဆာအဖွဲ့တို့သည် ပူးပေါင်းရှာဖွေစစ်ဆေးလျက်ရှိသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ကနေဒါအနောက်ပိုင်းတွင် ပါးချိတ်ရောင်ရောဂါဖြစ်ပွား ၁၁၆ ဦးထက်မနည်း ရောဂါကူးစက်ခံရ

အော့တဝါ ဩဂုတ် ၂၈

ကနေဒါနိုင်ငံ အနောက်ပိုင်း ဗြိတိန် ကိုလံဘီယာပြည်နယ်တွင် ပါးချိတ်ရောင်ရောဂါဖြစ်ပွားလျက်ရှိရာ ရောဂါကူးစက်ခံရသူဟု အတည်ပြုထားသူ ၁၁၆ ဦးထက်မနည်းရှိပြီး ၇၄ ဦးသည် ရောဂါဖြစ်နေသည်ဟု သံသယရှိကြောင်း ကျန်းမာရေးဌာနဝန်ထမ်းများက ဩဂုတ် ၂၆ရက်တွင် ပြောကြားသည်။

စတင်သယ်ဆောင်

ဖရေဆာဗယ်လီဒေသတွင်နေထိုင်သူနှစ်ဦးက ပါးချိတ်ရောင်ရောဂါကို စတင်သယ်ဆောင်လာခြင်းဖြစ်သည်။ ယင်းအရပ်တွင် နေထိုင်သူများ၏ ကိုးကွယ်ယုံကြည်မှုအရကာကွယ်ဆေးကို လက်ခံထိုးလေ့မရှိပေ။ ထိုအလေ့အထကြောင့် ပါးချိတ်ရောင်ရောဂါကူးစက်ရခြင်းဖြစ်ကြောင်း ဖရေဆာကျန်းမာရေးအာဏာပိုင်အဖွဲ့မှတာဝန်ရှိသူများက ပြောကြားသည်။

နှိုးဆော်ထား

ဗန်ကိုဗာဒေသနှင့် အနီးတစ်ဝိုက်မြို့များအပါအဝင် အနောက်ဘက်မြို့ပြဒေသများသို့ ရောဂါပျံ့နှံ့လျက်ရှိသည်။ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများသည် ထိုရောဂါကာကွယ်ဆေးထိုးထားကြရန် ပြည်သူများကို နှိုးဆော်ထားသည်။

ထိန်းချုပ်နိုင်ရေး

တစ်ချိန်တည်းမှာပင် ဖရေဆာကျန်းမာရေးဌာနမှ ကျွမ်းကျင်သူများသည် ကြိုတင်တားဆီးနိုင်သောပါးချိတ်ရောင်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ထပ်မံအားထုတ်မှုများ ပြုလုပ်ရန် လိုအပ်မှု ရှိ၊ မရှိကို ဆုံးဖြတ်ရန် ဆွေးနွေးလျက်ရှိကြောင်း ပြည်နယ်ကျန်းမာရေးအရာရှိဒေါက်တာပါရီကန်ဒလ်က သတင်းထောက်များကို အင်္ဂါနေ့တွင် ပြောကြားသည်။

အင်တာနက်။

စင်ကာပူနိုင်ငံ ချမ်ဂီလေဆိပ်တွင် ဖွင့်လှစ်ထားသည့် လိပ်ပြာဥယျာဉ်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် တာလီဘန်ဟု သံသယရှိခြင်း ခံရသူ ၃၀ ဦး သေဆုံး

ကန်ဒါဟာ ဩဂုတ် ၂၈

အာဖဂန်နစ္စတန်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများနှင့် လေကြောင်းမှ ပြင်းပြင်းထန်ထန် ထိုးနှက်မှုများကြောင့် တာလီဘန် တိုက်ခိုက်ရေးသမား ၃၀ ကျော်နှင့် ရဲတပ်ဖွဲ့ဝင် လေးဦးတို့ သေဆုံးကြောင်း အာဏာပိုင်များက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

တာလီဘန်မှ စစ်သွေးကြွများက အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မဲဒ်ပြည်နယ် နက်အလီခရိုင်ရှိ ရဲစစ်ဆေးရေးဂိတ်ကို အင်္ဂါနေ့က ဝင်ရောက်တိုက်ခိုက်ရာ စစ်သွေးကြွ ၁၈ ဦး သေဆုံးကြောင်း ပြည်နယ်ရဲအကြီးအကဲ မိုဟာမက်ဟူစိန်အင်ဒီဝဲလ်က ပြောကြားသည်။

အစိုးရအဆောက်အအုံဝင်းအတွင်းမှ ရဲတပ်ဖွဲ့ဝင်များကလည်း စစ်သွေးကြွများ၏တိုက်ခိုက်မှုကို ပြန်လည်တွန်းလှန် ကာကွယ်ခဲ့သည်။ ထိုတိုက်ခိုက်မှုအတွင်း အာဖဂန်ရဲတပ်ဖွဲ့ဝင်များ သေကျေဒဏ်ရာရသူမရှိဟု အင်ဒီဝဲလ်က ဆိုသည်။။

စစ်သွေးကြွများသည် အချိန်ကြာမြင့်စွာကတည်းကပင် အဆိုပါ စစ်ဆေးရေးဂိတ်များသို့ မကြာခဏဝင်ရောက်တိုက်ခိုက်လေ့ရှိကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်များဘက်ကလည်း ထိုစခန်းကို အင်အားဖြည့်ထားလေ့ရှိကြောင်းသိရသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုများ ဖြစ်ပွားစဉ်တစ်နေရာ၌လည်း စစ်သွေးကြွများနှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားလျက်ရှိသည်။ ယင်းတိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းပစ်ကူယူ၍ တိုက်ခိုက်ရာ သောင်းကျန်းသူ အများအပြားသေဆုံးကြောင်းသိရသည်။

အင်တာနက်။

ပါကစ္စတန်တွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ ငါးဦးသေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၂၈

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ်တွင် အင်္ဂါနေ့က သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲခဲ့ရာ အနည်းဆုံး ငါးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

အဆိုပါ ပေါက်ကွဲမှု ဖြစ်စဉ်သည် အစ္စလာမ္မာဘတ်မြို့၏ ရှီဟာလာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုနှင့်ပတ်သက်သည့် နောက်ဆက်တွဲသတင်းများကိုမူ ရရှိခြင်းမရှိကြောင်းသိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဘူလ်ဂေးရီးယားနိုင်ငံ ပင်လယ်နက်တွင် လင်းပိုင်သား အမိနှစ်ကောင်ကို ဩဂုတ်၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

မျိုးစေ့ချပွဲနှင့် ကောက်ကွက်ပြည့်မီရေး စွမ်းရည်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၉

တစ်ဧကတင်း ၂၀၀ အထူးအထွက်ကောင်းစပါး (Hi-Yield) စံပြဧက ၃၀ စိုက်ခင်း၏ ဓာတ်မြေဩဇာကြဲပက်ပွဲ၊ ရွက်ဖျန်းအားတိုးဆေးပက်ဖျန်းပွဲ၊ ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲ၊ အရည်အသွေး ကောင်းစပါးမျိုး (Quality Rice)သုံးမျိုးကို သိပ္ပံနည်းကျပျိုးခင်း၌ မျိုးစေ့ချပွဲနှင့် ကောက်ကွက်ပြည့်မီရေး စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်တပ်ကျေးရွာအနီး၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် တစ်ဧကတင်း ၂၀၀ အထူးအထွက်ကောင်းစပါး (Hi-Yield) စံပြဧက ၃၀ စိုက်ခင်း၌ ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် ရွက်ဖျန်းအားတိုးဆေး ပက်ဖျန်းနေခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခေတ်မီကောက်စိုက်စက်များဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးနေမှု၊ တစ်ဧကကောက်ပင် တစ်သိန်းခြောက်သောင်း ကောက်ကွက်ပြည့်မီရေးအတွက် ကောက်စိုက် လုံမေများ၏ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ အရည်အသွေး ကောင်းစပါးမျိုး(Quality Rice) သုံးမျိုးကို သိပ္ပံနည်းကျ ပျိုးခင်း မျိုးစေ့ချ ပျိုးထောင်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက သစ်တပ်ကျေးရွာအတွက် အိမ်သုံးလျှပ်စစ်မီးစက်တစ်လုံးကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ဂုဏ်ပြုချီးမြှင့်ပြီး ပြိုင်ပွဲဝင် ကောက်စိုက်အဖွဲ့ လုံမေများ၊ တောင်သူဦးကြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တစ်ဧကတင်း ၂၀၀ အထူးအထွက်ကောင်းစပါး (Hi-Yield) စံပြဧက ၃၀ စိုက်ခင်း၏ ဓာတ်မြေဩဇာကြဲပက်ပွဲ၊ ရွက်ဖျန်းအားတိုးဆေး ပက်ဖျန်းပွဲ၊ ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲ၊ အရည်အသွေးကောင်းစပါးမျိုး (Quality Rice) သုံးမျိုးကို သိပ္ပံနည်းကျပျိုးခင်း၌ မျိုးစေ့ချပွဲနှင့် ကောက်ကွက်ပြည့်မီရေး စွမ်းရည်ပြိုင်ပွဲတွင် ခေတ်မီကောက်စိုက်စက်များဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ရေလှောင်တမံဖွင့်ပွဲ ကျင်းပ ဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြု စပါးနှင့် အခြားသီးနှံ ဧက ၁၅၀ စိုက်ပျိုးရေပေးနိုင်

ရန်ကုန် ဩဂုတ် ၂၉

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီး မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ကျောက်ဆောက် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင်နှင့် မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီးရှိ ကျောက်ဆောက် ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)